ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့၊ (6-5-2005)(၄၅၈၇)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာ ဝန်ကြီးနှင့်အဖွဲ့ဝင်များအား ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

ရန်ကုန်　　မေ　　၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာ ဝန်ကြီး Hon. Michael T. Defensorနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့် အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Mme Phoebe A. Gomez လည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတရေးရာ ဝန်ကြီး Hon. Michael T. Defensor အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဝါးကတုတ် ရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး မိုးယွန်းကြီးအင်းကို ရေကူပေး၍ နွေသီးနှံ စိုက်ပျိုးနိုင်မည်

ရန်ကုန်　　မေ　　၅

ပဲခူးတိုင်း ရွှေကျင်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၄ ရက် နံနက် ၈ နာရီတွင် ရွှေကျင်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဝါးကတုတ် ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ပဲခူးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုတို့က မိုးယွန်းကြီးအင်းကို ရေကူဆောင်ရွက်ပေးနိုင်မည့် ဆည်အစုအဖွဲ့တွင် ပါဝင်သော တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်လျာထားသည့် ရေလှောင်တမံစီမံကိန်းများနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

ကြေးမုံ ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* **အင်းတကော်စက်မှုနယ်မြေတွင် ဖွင့်လှစ်လိုက်သည့် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနအနေဖြင့် စက်ရုံသစ်များမှ ထုတ်လုပ်သည့် ထုတ်ကုန်သစ်များကို စမ်းသပ်စစ်ဆေးခြင်းအပြင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်သွားမည် ဖြစ်သည်။**

ခေါင်းကြီး (စာမျက်နှာ–၂)

* **တာဝန်သိသိဖြင့် ပစ္စည်းမှန်ကို နေရာမှန်သို့ ပို့ဆောင်ပေးအပ်သည့် လုပ်ဆောင်ချက်၏ ရလဒ်ကား အလွန်ပင် ကောင်းမွန်လှ၏။ အကျိုးရှိလှ၏။**

မနုဿကျော်ဝင်း၏ ***"ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ နေရာမှန်သို့ ပို့ဆောင်အပ်နှံရေး"***

ဆောင်းပါး (စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၆-၅-၂၀၀၅
(သောကြာနေ့)

တိုးတက်တီထွင်မှုအမြင်ဖြင့် ကြိုးပမ်းဖော်ဆောင် ကုန်ထုတ်လုပ်မှုမြင့်မားရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေးစွမ်းအားစုများ၊ နိုင်ငံတော်၏သယံဇာတအရင်းအမြစ်များ၏စွမ်းအားကို စုစည်းရယူပြီး နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဖော်ဆောင်နေသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် ပဓာနကျသည့်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေတွင် မေလ ၃ ရက်နေ့က သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန ဖွင့်ပွဲ၊ သံရည်ကျို တိုးချဲ့အလုပ်ရုံဖွင့်ပွဲနှင့် အလူမီနီယံဝါယာကြိုး ထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနားများကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ချီးမြှင့်ပြီး သက်ဆိုင်ရာစက်ရုံ၊အလုပ်ရုံများ၏ ဆိုင်းဘုတ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံတော်အဖြစ် ထူထောင်ရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး အကြီးစားစက်မှုလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်သည့်ဌာနဖြစ်သည်။ အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် မူလက တည်ဆောက်ထုတ်လုပ်လျက်ရှိသည့်စက်ရုံ၊အလုပ်ရုံများအပြင် အင်းတကော်စက်မှုနယ်မြေ အလုပ်ရုံများစီမံကိန်းကို တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနက ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်ကျေးရွာအနီးရှိ အင်းတကော် စက်မှုနယ်မြေကို ၁၉၉၈ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အဆိုပါစက်မှုနယ်မြေတွင် မော်တော်ယာဉ်၊ ထွန်စက်နှင့် ရေစုပ်စက်များအတွက် ကုန်ပစ္စည်းအမယ်သစ်များဖြစ်သည့် သံဘီးခွေ၊ ရေတိုင်ကီ၊ အင်ဂျင်များအတွက် သတ္တုဘယ်ယာရင် အင်လက်နှင့် အိတ်ဇောဘားများ ထုတ်လုပ်လျက်ရှိသည်။

တစ်ချိန်တည်းတွင် ဒီဇယ်အင်ဂျင်ထုတ်လုပ်ရေးစက်ရုံ၊ သံရည်ကျိုစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံနှင့် အလူမီနီယံ ဝါယာကြိုးစက်ရုံများကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ စက်ရုံများဖွင့်လှစ်ပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။

အင်းတကော် စက်မှုနယ်မြေတွင် ဖွင့်လှစ်လိုက်သည့် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနအနေဖြင့် စက်ရုံသစ်များမှ ထုတ်လုပ်သည့် ထုတ်ကုန်သစ်များကို စမ်းသပ်စစ်ဆေးခြင်းအပြင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်သည်။

သံရည်ကျို တိုးချဲ့အလုပ်ရုံ၏ စက်စွမ်းအားမှာ တစ်နှစ်လျှင် ရိုးရိုးသံတန် ၁၅၀၀ နှင့် သံမဏိတန် ၅၀၀ စုစုပေါင်း တန်ချိန် ၂၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး သဲမို (Sand Mould) များတွင်သုံးရန် တစ်နာရီလျှင် သဲငါးတန် သန့်စင်နိုင်ကြောင်း သိရသည်။

အလူမီနီယံဝါယာကြိုး ထုတ်လုပ်ရေးစက်ရုံအနေဖြင့် ဓာတ်အားလိုင်းသုံး အလူမီနီယံဝါယာကြိုးအမျိုးမျိုးကို ထုတ်လုပ်လျက်ရှိပြီး စက်စွမ်းအားမှာ တစ်နှစ်လျှင် တန် ၁၆၀၀ ဖြစ်ကြောင်း သိရသည်။ ထို့အပြင် လျှပ်စစ်တာဝါတိုင်များ မိုးကြိုးလွှဲနှင့် ထိန်းချုပ်ခြင်းတို့အတွက် ဝါယာကြိုးများ ထုတ်လုပ်နိုင်ကြောင်းသိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ခေတ်မီစက်ရုံ၊ အလုပ်ရုံသစ်များစွာကို ရင်းနှီးမြှုပ်နှံထူထောင်လျက်ရှိသည့်ကာလတွင် စက်ပစ္စည်းများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ တိုးတက်တီထွင်မှု အမြင်ဖြင့် ကြိုးပမ်းဖော်ဆောင်ရင်း စက်ရုံ၊ အလုပ်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာရေးအတွက် ခွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ် လုပ်ဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝိဇာတပူဇာနှင့် တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မေ ၅

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် သဒ္ဓမ္မဝံသ (မဟာစည်) သာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမန မဟာထေရ်မြတ်၏ (၇၄)နှစ်ပြည့် ဝိဇာတပူဇာပွဲကို ၁၃၆၇ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ၁၀ ရက် တရားစခန်းပွဲကို မေ ၁၃ ရက်၌ ကျင်းပမည်ဖြစ်ရာ မေ ၁၂ ရက် ညနေ အရောက်လာကြရန်နှင့် ဖုန်း-၆၉၀၆၀၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် မေ ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာ ဦးဘမြင့်အား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။ (သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာဝန်ကြီး Hon. Michael T. Defensor နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ပဲခူးမြို့ရှိ Chin Su May Flower Co; သစ် အခြေခံစက်မှုလုပ်ငန်းစက်ရုံတွင် လေ့လာကြည့်ရှုစဉ်။
(သစ်တောရေးရာ)

ဖိလစ်ပိုင်နိုင်ငံ ပတ်ဝန်းကျင်ဝန်ကြီးနှင့် အဖွဲ့ဝင်များ ပဲခူးမြို့ရှိ သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံ လေ့လာ

ရန်ကုန် မေ ၅

ရန်ကုန်မြို့၌ ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာ ဝန်ကြီး Hon. Michael T. Defensor နှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးမြို့ရှိ Chin Su May Flower Co.,သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံသို့ ရောက်ရှိလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် ကျောက်မျက်ရတနာပြခန်းတို့သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ဖိလစ်ပိုင်ဝန်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၅

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ဖိလစ်ပိုင်သမ္မတ နိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာ ဝန်ကြီး Hon. Michael T. Defensorနှင့်အဖွဲ့သည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကံဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၅-၅-၂၀၀၅)

မိတ္ထီလာ
ဝဒသမ ၃၅လက်မ
မော်လိုက်
ဝဒသမ ၃၂လက်မ

ထူးခြားသည့် နေ့အပူချိန်များ

(၅-၅-၂၀၀၅)

မင်းဘူး
၄၂ ဒီဂရီစင်တီဂရိတ်
(၁၀၈ ဒီဂရီဖာရင်ဟိုက်)

ဧည့်လမ်းညွှန်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းက ဖွင့်လှစ်ခဲ့သော အီတလီဘာသာ၊ စပိန်ဘာသာ(အခြေခံ)သင်တန်းနှင့်မော်တော်ယာဉ်မောင်းနှင်သူများ ဧည့်လမ်းညွှန်ဆိုင်ရာ အတတ်ပညာ သင်တန်းအမှတ်စဉ်(၁) သင်တန်းများဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကျော် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင့်နောင်က မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ တိုးတက်ရောက်ရှိလာမှု အခြေအနေနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကျော်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းနှင့် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင့်နောင်တို့က ထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)



လက်ခံတွေ့ဆုံ

မေ ၅ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတရေးရာ ဝန်ကြီး Hon. Michael T. Defensor နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

အထိမ်းအမှတ်အလံ ပေးအပ်

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၅ရက်က ဟသ်ာတမြို့ ပန်းဘဲတန်းရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်း အမှတ်(၂) မီးသတ်တပ်ဖွဲ့ စခန်းရုံးရှေ့တွင်ကျင်းပရာ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အလံကို ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ပြုံးသို့ ပေးအပ်စဉ်။ (၁၈၆)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မြနန်းစံကျော် ရွှေနန်းတော်လေ့လာ

ရန်ကုန် မေ ၅

မန္တလေးမြို့၌ ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် ယမန်နေ့နံနက်ဂနာရီခွဲတွင် အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေး တက္ကသိုလ်ဝင်းအတွင်း၌ ဒေသခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့်အတူ သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမြတ်မိုးက မြန်မာ့တိုင်းရင်းဆေးပညာအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

လေ့လာကြည့်ရှု

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ လူငယ်ကိုယ်စားလှယ်ဒေါ်နွယ်နီထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး လူငယ် လေ့လာရေးအဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်းရှိ ပြတိုက်၊ စာကြည့်တိုက်နှင့် သရုပ်ပြ ပရဆေးဥယျာဉ်တို့ကို လေ့လာကြည့်ရှုကြသည်။

ထို့မှတစ်ဆင့် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မြနန်းစံကျော်ရွှေနန်းတော်ကြီးသို့ သွားရောက်လေ့လာကြသည်။

ထို့နောက် မန္တလေးတိုင်း အသင်းရုံး အစည်းအဝေးခန်းမ၌ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ဆုံဆွေးနွေးကြရာ တိုင်းအသင်းအတွင်းရေးမှူး ဦးတင်မောင်ဦးက အမှာစကား ပြောကြားပြီး လူငယ်ကိုယ်စားလှယ်များက အသီးသီးဆွေးနွေးကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၀၅ (သောကြာနေ့)

၇း၀၀။ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅။ တေးဂီတအစီအစဉ်
၇း၁၀။ ၂၀၀၅ ခုနှစ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ
၇း၄၅။ တေးဂီတအစီအစဉ်
၇း၅၀။ နိုင်ငံတကာ သတင်းအကျဉ်း
၇း၅၅။ မနီတို့ရွာနဲ့မြစ်
၈း၁၀။ တေးဂီတအစီအစဉ်
၈း၁၅။ ပြည်တွင်းသတင်းအကျဉ်း
၈း၂၀။ ငါးမွေးမြူရေးလုပ်ငန်း (သုံးခွကျွန်း)စိုက်ပျိုးမွေးမြူရေးစခန်း
၈း၂၅။ တေးဂီတအစီအစဉ်
၈း၃၀။ မေးသမျှဖြေရအောင်
၈း၄၅။ နိုင်ငံတကာသတင်း အကျဉ်း
၈း၅၀။ ဒသမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အေရိုးဗစ်ပြိုင်ပွဲ
၉း၂၀။ တေးဂီတအစီအစဉ်
၉း၂၅။ သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ
၉း၃၅။ တေးဂီတအစီအစဉ်
၉း၄၀။ မြစ်ကိုမြင်လျှင် တံတားဆင်
၁၀း၀၀။ ပြည်တွင်းသတင်း အကျဉ်း
၁၀း၀၅။ မိုးလေဝသခန့်မှန်းချက်
၁၀း၄၅။ နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၀း၅၀။ Thank You Dolphin
၁၀း၅၅။ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း
၁၁း၀၀။ MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် မေ ၅

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၁)နှင့် (၁၂)အကြားမှ ဖွင့်လှစ်ထားသည်။ ယခုအခါ ရေလမ်း ကြောင်းအခြေအနေအရ မေ ၁ရက်မှ စ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၉)နှင့် (၁၀)အကြားမှ ပြောင်းလဲသတ်မှတ် ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄မီတာရှိ၍ ကင်းလွတ်အမြင့်မှာ၁၁မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသားပြသထားပြီး မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားသည်။ ဝင်ပေါက်ရေလယ်တိုင်များတွင် မြားအမှတ်အသား ပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်မောင်းနှင်ခြင်း မပြုရန်၊ အစုန် ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီးလုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန်နှင့် တွဲရေယာဉ်များ နှစ်စီးတွဲ မောင်းနှင်ခြင်းမပြုဘဲ တစ်တွဲချင်း မောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စုပေါင်းသစ်ပင်စိုက်ပျိုး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းလူငယ်များ လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ မန္တလေးမြို့တွင်ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်ဝင်းအတွင်း၌ ဒေသခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် အတူ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (သတင်းစဉ်)

အီရတ်စစ်ပွဲတရားဥပဒေနှင့်မညီကြောင်း သတိပေးသော်လည်း ဝန်ကြီးချုပ်တိုနီဘလဲက အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့

လန်ဒန် မေ ၄

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးရုံးက အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းသည် တရားဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း အကြံဉာဏ် ပေးခဲ့သော်လည်း ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲက ဗြိတိသျှတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့ စစ်ပွဲမဖြစ်မီ ရှစ်လတွင် ပို့ဆောင်ခဲ့ကြောင်း တနင်္ဂနွေနေ့က ပေါ်ထွက်လာသည့် သတင်းမှတ်တမ်းအရ သိရသည်။

ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲသည် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်နှင့် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ၂၀၀၂ ခုနှစ်က တွေ့ဆုံဆွေးနွေးခြင်း မပြုမီ အီရတ်နိုင်ငံအား တိုက်ခိုက်ရေးကိစ္စသည် ခိုင်လုံမှုမရှိဟု သတိပေးချက်ရရှိကြောင်းကို နိုင်ငံခြားရေးရုံးမှ လျှို့ဝှက်မှတ်တမ်းအကြံပေးလွှာတစ်ရပ်အား ဆန်းဒေးအင်ဒီပင့်ဒင့် သတင်းစာက ကိုးကားဖော်ပြရေးသားခဲ့သည်။

ဆက်ဒမ်ဟူစိန်က ကုလသမဂ္ဂလက်နက် စစ်ဆေးရေးအရာရှိများအား အီရတ်သို့ ပြန်လာရေးကို ငြင်းဆန်ပါက သို့တည်းမဟုတ် ၎င်းစစ်ဆေးရေးမှူးများက အီရတ်၏ ဖျက်အားပြင်းလက်နက်များတွေ့ရှိခဲ့ပါက ဆက်ဒမ်ဟူစိန်အနေဖြင့် ၎င်းစစ်ဆေးရေးမှူးများအား အီရတ်သို့ ပြန်လာရေးကိစ္စ လက်ခံရန်အတွက် အတင်းအဓမ္မတောင်းဆိုရမည်ဟု နိုင်ငံခြားရေးရုံးက တိုက်တွန်း အကြံပေးထားသည်။

အမေရိကန်သမ္မတဘုရှ်သည် အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ရန်နှင့် ဆက်ဒမ်ဟူစိန်အား ရာထူးမှဖယ်ရှားရန်ကိစ္စကို တိုနီဘလဲနှင့်မတွေ့ဆုံမီကပင် အချိန်အမှာ ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ဗြိတိသျှ ထောက်လှမ်းရေးအကြီးအကဲက ဖော်ပြသည်ဟု ယင်းမှတ်တမ်းအရ သိရှိရသည်။

အီရတ်စစ်ပွဲသည် ခိုင်မာလေးနက်သည့် အထောက်အထား မရှိဘဲ သို့တည်းမဟုတ် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်မပါဘဲ ဆောင်ရွက်ပါက တရားမဝင်ကြောင်း ရှေ့နေချုပ်က ဝန်ကြီးချုပ် တိုနီဘလဲထံပေးပို့သည့် လျှို့ဝှက်အကြံပေးစာ သတင်းပေါက်ကြားပြီးသည့်နောက် မေ ၅ ရက်၌ ကျင်းပမည့် ရွေးကောက်ပွဲတွင် တတိယသက်တမ်း အရွေးခံရရန် ကြိုးပမ်းနေသော လေဘာပါတီခေါင်းဆောင်တစ်ဦး၏ ကိစ္စအား အဆိုပါ မှတ်တမ်းက ကသိကအောက်ဖြစ်အောင် မီးထိုးပေးသကဲ့သို့ ဖြစ်နေသည်။

အတိုက်အခံပါတီများက အီရတ်ကိစ္စအား အာရုံစူးစိုက်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ဗြိတိန်နိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများနှင့် ပတ်သက်၍ ၎င်းတို့က လေးလေးနက်နက်ရှိကြောင်း မည်သူမျှ မပြောကြားကြသောကြောင့်ဖြစ်သည်ဟု တိုနီဘလဲက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ၏ မြို့တော် ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ကားများပျက်စီးနေသည်ကို မေ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယား ကုန်သွယ်ရေးပိုငွေ ဧပြီလတွင် မြင့်တက်

ဆိုးလ် မေ ၄

တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးပိုငွေသည် ဧပြီလတွင် မတ်လနှင့်နှိုင်းယှဉ်လျှင် မြင့်တက်ခဲ့သည်။ ဒေါ်လာငွေတန်ဖိုးကျဆင်းပြီး ဝမ်ငွေတန်ဖိုးတက်သော်လည်း ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်၌ ဝယ်လိုအား တိုးမြင့်လျက်ရှိသည်ဟု အစိုးရက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

မတ်လတွင် ကုန်သွယ်ရေးပိုငွေသည် အမေရိကန်ဒေါ်လာ ၁ဒသမ၄၅ဘီလီယံရှိရာမှ ဧပြီလတွင်အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၆ဘီလီယံ ဖြစ်လာသည်ဟု ကူးသန်းရောင်းဝယ်ရေး၊ ထုတ်လုပ်ရေးနှင့် စွမ်းအင်ဌာန၏ ယခုနှစ်အစီရင်ခံစာ တစ်စောင်တွင် ဖော်ပြထားသည်။ ၂၀၀၄ ခုနှစ် ဧပြီတွင် ကုန်သွယ်ရေး ပိုငွေသည်အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၆၉၀ သန်းအထိ ကျဆင်းခဲ့သည်။

ကျဆင်း

သွင်းကုန်နှင့် ပို့ကုန်များသည် နှစ်စဉ်တိုးတက်နေသည်။ သို့သော် မတ်လ၏ အမြင့်ဆုံး မှတ်တမ်းကိန်းဂဏန်းများနှင့် နှိုင်းယှဉ်လျှင် သွင်းကုန်နှင့် ပို့ကုန်များ ကျဆင်းနေသည်ဟု ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။ တိုင်းပြည်ကုန်သွယ်ရေးပိုငွေဖြစ်ပေါ်ရခြင်းမှာ တင်ပို့ကုန်အမေရိကန်ဒေါ်လာသန်း ၈၈၀ ကျဆင်းခဲ့ပြီး သွင်းကုန်သည် ယခင်လနှင့် နှိုင်းယှဉ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံ ကျဆင်းခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ၎င်းက ထပ်မံပြောဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယန်စီမြစ်ကူး ရန်ယန်းတံတားဖွင့်လှစ်

နန်ကျင်း မေ ၂

တရုတ်ပြည်အရှေ့ပိုင်း ကျန်စုပြည်နယ်ရှိ ယန်စီမြစ်ကိုဖြတ်၍ တည်ဆောက်ခဲ့သော ရန်ယန်းတံတားသည် ရန်ကျိုးမြို့နှင့် ရန်ကျင့်မြို့တို့ကို ဆက်သွယ်ထားပြီး ထိုတံတားကို စနေနေ့တွင် ဖွင့်လှစ်ခဲ့သည်။

တရုတ်ပြည်တွင် ထိုရန်ယန်းတံတားသည် အကြီးဆုံးတံတားဖြစ်ပြီး အဆိုပါတံတားဖွင့်ပွဲသို့တရုတ်နိုင်ငံ၏အမျိုးသားကွန်ဂရက်(အင်ပီစီ)ဥက္ကဋ္ဌ ဝူဘန်ဂိုတက်ရောက်ခဲ့သည်။

ထိုတံတား၏ ကုန်ကျငွေမှာ ဘီလီယံ ၅ဒသမ၈ယွမ် (အမေရိကန်ဒေါ်လာသန်း ၇၀၀) ရှိသည်။ အဆိုပါ တံတားဖွင့်လှစ်ခြင်းအတွက် ကျန်စုပြည်နယ်အလယ်ပိုင်းနှင့် မြောက်ဘက်ဒေသတစ်ဝိုက်တွင်ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာပြီး ခေတ်နှင့်အညီ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ဝူက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

လေထုညစ်ညမ်းမှုကြောင့် ရောဂါဘယများတိုးပွား ကနေဒါနိုင်ငံသား ၆၀၀၀ ခန့် နှစ်စဉ်သေဆုံး

အော်တာဝါ မေ ၄

ကနေဒါနိုင်ငံတွင် နှစ်စဉ်နိုင်ငံသား ၆၀၀၀ နီးပါးသည် လေထုညစ်ညမ်းမှုနှင့် ဆက်စပ်နေသော ရောဂါဘယများဖြင့် သေဆုံးရကြောင်း တနင်္ဂနွေနေ့တွင် ထုတ်ပြန်သည့် လေ့လာချက်စစ်တမ်းတစ်ရပ်အရ သိရသည်။

ကနေဒါနိုင်ငံရှိ မြို့ကြီးရှစ်မြို့တွင် နေထိုင်သူများအပေါ် အခြေခံ၍လေ့လာရာတွင် နှစ်စဉ်နှစ်တိုင်း လေထုညစ်ညမ်းမှုကြောင့် သေဆုံးရသူဦးရေသည် ၅၉၀၀ ခန့် ရှိကြောင်း၊ ၂၀၀၂ ခုနှစ် မတိုင်မီက အလားတူ သေဆုံးသူဦးရေသည် ၅၀၀၀ ခန့်ရှိကြောင်း "ဟဲလ်သ်ကနေဒါ"အမည်ရှိ ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သော စစ်တမ်းတွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများရရှိခံစားနိုင်ကြောင်း၊ အသက်ရှူ ကျပ်ခြင်း၊ ချောင်းဆိုးခြင်းတို့ကို ခံစားရနိုင်သည့်အပြင် နှလုံးအခြေအနေကို ပိုမိုဆိုးရွားစေကြောင်းအဆိုပါကျန်းမာရေးအဖွဲ့က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နီပေါ-တရုတ် ဘတ်စ်ကားလိုင်းသစ်ဖွင့်လှစ်

ခတ္တမန္ဒူ မေ ၄

တရုတ်နိုင်ငံနှင့် နီပေါနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှု မှတ်တိုင်အသစ်တစ်ခုအဖြစ် ဘတ်စ်ကားလိုင်းသစ်ကို တနင်္ဂနွေနေ့နံနက်တွင် ဖွင့်လှစ်သည်။ အဆိုပါ ဘတ်စ်ကားလိုင်းသည် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်မှ တရုတ်နိုင်ငံ တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာမြို့အထိ ပြေးဆွဲမည်ဖြစ်သည်ဟု သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုဘတ်စ်ကားလိုင်း၏ ပထမဆုံးခရီးစဉ်အဖြစ် လူစုစုပေါင်း ၃၉ ဦး စီးနင်းခဲ့ကြသည်။ အဆိုပါ စီးနင်းလိုက်ပါသူများထဲတွင် နီပေါအစိုးရမှ တာဝန်ရှိ ပုဂ္ဂိုလ် ကိုးဦး၊ ဆင်ဟွာသတင်းဌာနမှ သတင်းထောက်နှစ်ဦး၊ နီပေါ သတင်းစာဆရာသုံးဦးနှင့် အခြား ၂၅ဦး စီးနင်းလိုက်ပါခဲ့သည်။

စတင်ပြေးဆွဲ

နီပေါနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ ဆာဂျာရာတာရက်ဌာနချုပ်မှ ခရီးအကွာအဝေး ၉၅၅ ကီလိုမီတာ ခရီးကို အဆိုပါ ဘတ်စ်ကားလိုင်းက စတင်ပြေးဆွဲခဲ့သည်။

ထိုဘတ်စ်ကားသည်လာဆာမှ ခရီးသည် ၂၃ ဦး တင်ဆောင်ထားသော ဘတ်စ်ကားနှင့် ဆုံတွေ့၍ ဖွင့်ပွဲအခမ်းအနားကို အကျဉ်းချုံး ကျင်းပပြုလုပ်မည်ဖြစ်သည်။ အဆိုပါ နေရာသည် နယ်စပ်တွင်ရှိသော တာတိုဘာနီဆိပ်ကမ်းမှ ခေါင်မူဆိပ်ကမ်းတည်ရှိရာ နေရာဖြစ်ပြီးနီပေါ- တရုတ် ချစ်ကြည်ရေးတံတား၌ ကျင်းပပြုလုပ်မည် ဖြစ်သည်ဟု သိရသည်။

သမိုင်းတွင်

ထိုဘတ်စ်ကားလိုင်းသစ် ဆောင်ရွက်ခြင်းသည် အိမ်နီးချင်းနှစ်နိုင်ငံကြားတွင် အသစ် ဖွင့်လှစ်လိုက်သော လမ်းကြောင်းသစ်ဖြစ်ပြီး သမိုင်းတွင်ရစ်မည့် ဆောင်ရွက်မှုဖြစ်သည်ဟု အလုပ်သမားနှင့်သယ်ယူပို့ဆောင်ရေးညွှန်ကြားမှု ဝန်ကြီးဌာနဝန်ကြီး ရမ်နာရာန်ဆင်းက ပြောကြားခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

မိုဆူးလ်မြို့ စစ်ဆေးရေးဂိတ်တစ်နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်တစ်ဦးအား စစ်ဆေးနေသည်ကို မေ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ယာဉ်တန်း ဗုံးခွဲခံရ အရပ်သားလေးဦးသေပြီး ၁၂ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အရှေ့တောင်ပိုင်းဒေသတွင် အမေရိကန်စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းတစ်ခုအား တနင်္ဂနွေနေ့က အသေခံကားဗုံးဖောက်ခွဲမှုကြောင့် အီရတ်အရပ်သားလေးဦး သေဆုံးပြီး အခြားလူ ၁၂ ဦး ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၁၂ ဦး ဒဏ်ရာရ

အသေခံကားဗုံးဖောက်ခွဲသူတစ်ဦးက ဘဂ္ဂဒက်အနီးအပါးရှိ ဇာဖရန်နီယာဒေသတွင် အမေရိကန် မော်တော်ယာဉ်တန်းတစ်ခုအနီး၌ နံနက်ပိုင်းက ဗုံးဖောက်ခွဲရာအရပ်သားလေးဦး သေဆုံးပြီး အခြားလူ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အမည်မဖော်ပြလိုသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ကြေညာ

အမေရိကန်စစ်ဘက်က ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ရတ်ခြည်းအားဖြင့် ဝေဖန်ပြောကြားမှုမရှိပေ။ သို့ရာတွင် အီရတ်ရှိ အယ်လ်ခိုင်ဒါအုပ်စုက ၎င်းအုပ်စုဝင် အသေခံ ဗုံးဖောက်ခွဲသူတစ်ဦးက အမေရိကန် မော်တော်ယာဉ်ကိုဖောက်ခွဲခဲ့သဖြင့်အမေရိကန်ဟမ်းဗီးမော်တော်ယာဉ် သုံးစီးပျက်စီးခဲ့ရသည်ဟုကြေညာသည်။ ထို့အပြင် ယာဉ်သုံးစီးနှင့် စီးနင်းလိုက်ပါသူအားလုံးသေဆုံးသည်ဟု ယင်းအုပ်စုကပင် အင်တာနက်ဝက်ဘ်ဆိုက်တွင် ကြေညာချက်ထုတ်ပြန် ဖော်ပြခဲ့သည်။

ဦးဆောင်

ယင်းထုတ်ပြန်ချက်မှန်မမှန်စစ်ဆေးနိုင်မှု မရှိသေးပေ။ ၎င်းအုပ်စုသည် ဂျော်ဒန်နိုင်ငံသား အီရတ် တိုက်ခိုက်ရေးသမား အယ်လ်ဇာကာဝီဦးဆောင်သည့် အုပ်စုဖြစ်သည်။

အီရတ် ရဲစစ်ဆေးရေးဂိတ်အား ပစ်မှတ်ထားသည့် အခြားသီးခြား တိုက်ခိုက်မှုတစ်ရပ်တွင် အီရတ်ရဲတပ်ဖွဲ့ဝင် ငါးဦး တနင်္ဂနွေနေ့ စောစောပိုင်းက သေဆုံးခဲ့ရာ ယင်းမှာ ဖော်ပြပါအုပ်စု၏ လက်ချက်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပြောက်ကျား ၃၀ ခန့်က ဘဂ္ဂဒက်တောင်ပိုင်း ဒီယာလာတံတားအနီး စစ်ကောလိပ်ရှိ ရဲစစ်ဆေးရေးဂိတ်အား တိုက်ခိုက်ကြရာ ရဲတပ်ဖွဲ့ဝင် ငါးဦး သေဆုံးခဲ့သည်ဟု အီရတ်ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့ စောစောပိုင်းက ကြေညာသည်။ ယင်းစစ်ကောလိပ်မှာ ယခုအခါ အမေရိကန် တပ်ဖွဲ့ဝင်များအတွက် အခြေစိုက်စခန်း ဖြစ်နေသည်။

ဘဂ္ဂဒက်တွင် သောကြာနေ့က ဗုံးပေါက်ကွဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပွားမှုကြောင့် လူ ၃၀ ကျော် သေဆုံးခဲ့ပြီး အခြားလူ ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ချူကလီးယားနှင့် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ နယူးယောက်တွင် ကျင်းပ

နယူးယောက် မေ ၄

ထောင်ချီရှိသည့် ဆန္ဒပြသူများသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့လယ် မန်ဟက်တန်ဒေသမှ ချီတက်လာကြပြီး စစ်ဆန့်ကျင်ရေးနှင့် ချူကလီးယား ဆန့်ကျင်ရေးအတွက် နယူးယောက် ဗဟိုပန်းခြံတွင် တနင်္ဂနွေနေ့က လူစုလူဝေးဖြင့် ဆန္ဒပြကြသည်။

"စစ်အလိုမရှိ၊ ချူကလီးယားအလိုမရှိ၊ သိမ်းပိုက်ထားမှု အဆုံးသတ်" စသည့် ဆိုင်းဘုတ်များကို ဆန္ဒပြသူများက ကိုင်ဆောင်ရင်း ကုလသမဂ္ဂဌာနချုပ် အဆောက်အအုံအနီးမှ ဖြတ်သန်း ချီတက်ကြသည်။ ယင်းအဆောက်အအုံတွင် ချူကလီးယားမပြန့်ပွားရေးစာချုပ် ပြန်လည်အကဲဖြတ်မည့် ညီလာခံကို ယခု ရက်သတ္တပတ်တွင် ကျင်းပရန် စီစဉ်ထားသည်။

သောကရောက်

အသက်(၉၀) အရွယ်ရှိ ဒုတိယကမ္ဘာစစ်ပြန် ဆန္ဒပြသူ ပေါလ်ဘာရေးစဖို့က အမေရိကန်အစိုးရ၏ ချူကလီးယား လက်နက်များနှင့် အီရတ်စစ်ပွဲဆိုင်ရာ မူဝါဒများအပေါ် စိတ်ပူပန်သောကရောက်ရကြောင်း၊ အခြားစစ်ပြန်များနှင့် ပူးပေါင်းဆက်သွယ်ကာ ပြည်သူများ၏ သဘောထားဆန္ဒအဖြစ် ပြောဆိုပိုင်ခွင့်ရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အသက်ကိုးနှစ်အရွယ်ရှိ နယူးဂျာစီဒေသမှ လေးတန်းကျောင်းသား ဂျပ်စတင်ဂွန်ဇာလက်သည် ၎င်း၏ မိခင်နှင့် လိုက်ပါ၍ ဆန္ဒပြသည်။ ၎င်းသည် ချီတက် အော်ဟစ် ဆန္ဒပြရလွန်းသဖြင့် အသံများပင်ဝင်နေရှာသည်။ ၎င်းသည် ချူကလီးယား ဆန့်ကျင်ရေးနှင့် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲသို့ နှစ်ကြိမ်တိုင်တိုင် လာရောက်ခဲ့ကြောင်း ၎င်း၏ မိခင်က ပြောကြားသည်။

စစ်၏ အန္တရာယ်နှင့် အထူးသဖြင့် ချူကလီးယားစစ်များ၏ အန္တရာယ်များကို လူငယ်များ သိရှိထားရန် လိုအပ်လှကြောင်း အဆိုပါ မိခင်က ပြောကြားသည်။

ဆန္ဒပြသူများသည် မန်ဟက်တန်ဒေသမှ ဗဟိုပန်းခြံသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။

ပူးပေါင်း

၎င်းဆန္ဒပြသူများသည် ဂျပန်နိုင်ငံမှ နိုင်ငံရေးအရ တက်ကြွလှုပ်ရှားသူ ၁၀၀၀ ဖြင့် ပူးပေါင်းဆန္ဒပြကြသည်။ ၎င်းတို့အတွင်းမှ အချို့လှုပ်ရှားသူများသည် ဟီရိုရှီးမားနှင့် နာဂါစကီမြို့များ အဏုမြူဗုံးကြဲခံရစဉ်က မသေဘဲ ကျန်ရစ်သူများဖြစ်ကြသည်။

ဟီရိုရှီးမားနှင့် နာဂါစကီမြို့များ အဏုမြူဗုံးကြဲစဉ်က အသက်မသေကျန်ရစ်ခဲ့သူများသည် ချူကလီးယားစစ်ပွဲ၏ အတွေ့အကြုံကို ကိုယ်တွေ့ခံစားနေရသူများဖြစ်ကြောင်း ဟီရိုရှီးမားမြို့တော်ဝန် တာဒါတိုရှီအကီဘာက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းမှ လူသားများအနေဖြင့် ငြိမ်းချမ်းရေး၊ ချူကလီးယားလက်နက်မရှိသည့် ငြိမ်းချမ်းရေးတို့ကို လိုအပ်လျက်ရှိနေကြောင်း၊ အကြမ်းဖက်မှု အထူးသဖြင့် ချူကလီးယားအကြမ်းဖက်မှုမရှိသည့် ကမ္ဘာကြီးကို မိမိတို့လိုလားနေကြောင်း၊ ချူကလီးယားလက်နက် ဆန့်ကျင်ရေးအတွက် လှုပ်ရှားမှုသည် မိမိတို့အောင်ပွဲဆင်နိုင်မည့် တိုက်ပွဲတစ်ခုဖြစ်ပြီးအောင်လည်း အောင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဟီရိုရှီးမား အဏုမြူဗုံးဒဏ်ခံရစဉ်က စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဒုက္ခဝေဒနာများ ခံစားခဲ့ရသည့် ကောလိပ်ကျောင်းသားတစ်ဦးဖြစ်သည့် ဆူနာအိုဆူဘိုင်က နောက်ထပ် ဟီရိုရှီးမားနှင့် နာဂါစကီအဖြစ်မျိုး အလိုမရှိ၊ ချူကလီးယားအလိုမရှိဟု ဟစ်ကြွေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ဟင်းသီးဟင်းရွက် စိုက်ခင်း

ဖိလစ်ပိုင်နိုင်ငံရှိ ဟင်းသီးဟင်းရွက် စိုက်ခင်းတစ်ခုကို မေ ၄ ရက်က တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နိုင်ငံရေးနှင့် စီးပွားရေးကိစ္စ ဆွေးနွေးမည်

ကိုလံဘို မေ ၄

အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့သည် သုံးနှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးအဆင့် ဆွေးနွေးပွဲများကို လာမည့်တနင်္လာနေ့တွင် ကျင်းပသွားရန် ရှိသည်။ ထိုဆွေးနွေးပွဲကို သီရိလင်္ကာနိုင်ငံသို့ အလည်အပတ်ရောက်နေသည့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ရှမ်ဆာရမ် ဦးဆောင်သော ကိုယ်စားလှယ်များအဖွဲ့နှင့် တွေ့ဆုံပြုလုပ်သွားမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် ဒေသတွင်း လုံခြုံရေးကိစ္စများ၊ ဆူနာမီဘေးဒုက္ခကျရောက်ပြီးနောက် လုပ်ကိုင်နေသော ပြန်လည် တည်ဆောက်ရေးကိစ္စများနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

ကျင်းပခဲ့

အဆိုပါ နှစ်နိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးအဆင့် ဆွေးနွေးပွဲများကို ၂၀၀၂ ခုနှစ်က နောက်ဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည်။ ထိုစဉ်က သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သူ နီဟာလ်ရောဒ်ဒရီဂို ဒေလီမြို့သို့ သွားရောက် လည်ပတ်စဉ် စည်းဝေးခဲ့ခြင်း ဖြစ်သည်။

ဖော်ပြထား

အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့သည် နှစ်နိုင်ငံကိစ္စများ၊ စီးပွားရေးနှင့် နိုင်ငံရေးကိစ္စများ၊ ဆူနာမီဘေးလွန်ကာလ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ အိန္ဒိယနိုင်ငံက ဘဏ္ဍာရေးအထောက်အကူပေးနေသည့် ကိစ္စများ စသည်တို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ မဟာမင်းကြီးရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမြင်ချင်းဖလှယ်

ဆွေးနွေးကြရာ၌ အထက်ပါကိစ္စများအပြင် ဆာ့ခ်အဖွဲ့ဆိုင်ရာ ကိစ္စများနှင့် ဒေသတွင်း နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ အခြေအနေများကိုပါ အမြင်ချင်းဖလှယ်ကြမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးသည် ယခု ခရီးစဉ်တွင် သီရိလင်္ကာ၌ လေးရက်ကြာ နေထိုင်မည်ဖြစ်သည်။ ဧပြီ ၃၀ ရက်က သီရိလင်္ကာ အရှေ့မြောက်ပိုင်း ထရင်ကိုမာလီခရိုင်သို့ အိန္ဒိယဝန်ကြီးသွားရောက်ခဲ့ပြီး တိုယိုတာဗင်ကားတစ်စီး၊ အသံချဲ့စက်၊ မိုက်ကရိုဖုန်း စသည့် ပီအေစနစ်ပစ္စည်းတစ်စုံ၊ စာသင်ခန်းသုံး ကုလားထိုင်များ၊ ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများကို ထိုဒေသရှိ နည်းပညာသိပ္ပံအတွက် ပေးလှူခဲ့သည်။

အမ်အင်အေ၊ပီတီအိုင်။

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေးဌာန ပေကျင်း၌ တည်ဆောက်မည်

ပေကျင်း မေ ၄

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးဌာနတစ်ခုကို တိရစ္ဆာန်ရောဂါဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲရေးနှင့် ကြိုတင်သတိပေးစနစ်နှင့်အတူ တည်ဆောက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဗျူရို သတင်းရပ်ကွက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တိရစ္ဆာန်ရောဂါ ကူးစက်မှုကြီးကြပ်ရေးလုပ်ငန်းကို မြှင့်တင်ပေးရန်နှင့် တိရစ္ဆာန်ရောဂါများအတွက် အရေးပေါ်ဆောင်ရွက်မှုစွမ်းရည် ထက်မြက်စေရန် ရည်ရွယ်ကြောင်း ဗျူရိုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကူးစက်ရောဂါ ကာကွယ်ရေးအတွက် စီမံခန့်ခွဲရေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှားနိုင်ငံ ပီနန်ဒေသ ဘာလိပ်ပါပန်အရပ် ကူလာစွန်ဂါဘူရန် ကမ်းခြေဒေသတွင် ဒီရေရောက်သစ်တောများ ပျက်စီးမှုမရှိစေရန် ပြန်လည်ထိန်းသိမ်းစိုက်ပျိုးနေသည်ကို မေ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယူးဇီလန်နိုင်ငံတွင် မြေငလျင်နှစ်ကြိမ်လှုပ်

ဝယ်လင်တန် မေ ၄

နယူးဇီလန်နိုင်ငံအနောက်ဘက် ကမ်းခြေဟက်စ်တွင် အင်္ဂါနေ့ နံနက်အစောပိုင်း၌ ငလျင်နှစ်ကြိမ် လှုပ်ရှားသွားသည်။ ထိုငလျင်လှုပ်မှုကြောင့် အဆိုပါ အရပ်ဒေသရှိ အိမ်များတွင် ပန်းကန်ခွက်ယောက်များနှင့် ဖန်ဖြင့် ပြုလုပ်ထားသော ပစ္စည်းများ ကွဲရှပျက်စီးကုန်ကြောင်း မီဒီယာသတင်းများ ထွက်ပေါ်လာသည်။

ပထမလှုပ်ခဲ့သော ငလျင်သည် ဟက်စ်တောင်ဘက် ၁၀ ကီလိုမီတာ ကွာဝေးသောနေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး အဆင့်-၆ ပြင်းအားရှိ ငလျင်ဖြစ်ပြီး နံနက် ၃း၃၅ နာရီ (ကမ္ဘာ့စံတော်ချိန် ၁၅း၄၀ နာရီ) အချိန်က လှုပ်သွားခဲ့ခြင်းဖြစ်သည်ဟု ဂျီအိုနက် အမျိုးသားငလျင်တိုင်းတာရေးစခန်းက ပြောကြားခဲ့သည်။

နောက်ဆက်တွဲငလျင်

ပထမအကြိမ် ငလျင်လှုပ်ပြီးနောက် ငါးမိနစ်အကြာတွင် နောက်ဆက်တွဲ ငလျင်တစ်ခုလှုပ်ခဲ့သည်။ ဟက်စ်အနောက်တောင်ဘက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ငလျင်အဆင့် ၅ ဒသမ ၇ ရှိ အင်အားအတန်ငယ်သေးသော ငလျင်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဟက်စ်တောင်ဘက်တစ်ဝိုက်တွင် အဆိုပါ ငလျင်ဒဏ်ကို ခံစားကြခဲ့ရပြီး ၎င်းငလျင်နှစ်ခုစလုံးသည် မြေပြင်အောက် ၁၀ ကီလိုမီတာနှင့် ၁၅ ကီလိုမီတာအထိနက်သော နေရာကို အခြေပြုကြောင်း သိရသည်။

ဟက်စ်နှင့် ဂျက်စ်ဆန် ပင်လယ်အော်တွင် နေထိုင်သူများသည် ထိုငလျင်ကြောင့် အိပ်ရာမှ လန့်နိုးကြရသည်။ ငလျင်လှုပ်ရာတွင် အဝေးဆုံး နယူးဇီလန်ကျွန်း၏ မြောက်ဘက် ဂရေးမောက်အထိ လှုပ်ခတ်ခဲ့သည်။ ထိုအရပ်တွင် နေထိုင်သူများသည်လည်း ငလျင်လှုပ်မှုကြောင့် အိပ်ရာမှ နိုးကုန်ကြသည်ဟု ဒေသတွင်း သတင်းအေဂျင်စီ အင်ဇက်ပီအေက ထုတ်လွှင့်ဖော်ပြခဲ့သည်။

မသိရသေး

အဆိုပါငလျင်လှုပ်မှုကြောင့် အဆောက်အအုံ ပျက်စီးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို မသိရသေးကြောင်း ထပ်မံထုတ်လွှင့်ခဲ့သည်။

ကျရောက်

နယူးဇီလန်နိုင်ငံသည် ပစိဖိတ် ငလျင်ဇုန်အတွင်း၌ ကျရောက်နေသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်း ထိုနိုင်ငံသည် ငလျင်လှုပ်ခတ်မှုဒဏ်များကို မကြာခဏကြုံတွေ့ခံစားခဲ့ရကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လူပေါင်းတစ်သန်း ငှက်ဖျားရောဂါကြောင့် နှစ်စဉ် သေဆုံးကြရ

ဂျီနီဗာ မေ ၄

ကမ္ဘာပေါ်ရှိ လူပေါင်းတစ်သန်းမှာ ငှက်ဖျားရောဂါကြောင့် နှစ်စဉ်သေဆုံးရကြောင်း၊ သေဆုံးသူများအနက် အများစုမှာ အာဖရိကတိုက်မှ ဖြစ်ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သော ကုလသမဂ္ဂ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ငှက်ဖျားရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း ကမ္ဘာတစ်ဝန်းရှိ လူပေါင်းသန်း၃၅၀မှ ၅၀၀အထိမှာ ၂၀၀၃ ခုနှစ်တွင် ငှက်ဖျားရောဂါ ကူးစက်ခံခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေ (ယူနီဆက်ဖ်)က ထုတ်ပြန်သော ၂၀၀၅ ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံအများအပြားမှာ ငှက်ဖျားရောဂါထိန်းချုပ်ရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ငှက်ဖျားရောဂါကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြသော နိုင်ငံများမှာလည်း ယခုအခါ ရောဂါတိုက်ဖျက်ရေးအတွက် အခွင့်အလမ်းကောင်းများ ရရှိထားပြီးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် လီဂျွန်ဝပ်က ပြောကြားသည်။

ဆေးစိမ်ခြင်ထောင်များနှင့် နောက်ဆုံးပေါ် ဆေးကုထုံးများကို ပြည်သူများထံ ပိုမိုရောက်ရှိအောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ နေရာမှန်သို့ ပို့ဆောင်အပ်နှံရေး

မနုဿကျော်ဝင်း

အကြောင်းတစ်ခုခုကြောင့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို မတော်တဆတွေ့ရှိရတတ်သည်။ ဥပမာ- ရေစားကမ်းပါးပြို၍ဖြစ်စေ၊ သစ်ပင်ပန်းပင်များ စိုက်ပျိုးရန်အတွက် မြေကြီးကို ထွန်ယက်ရာ၊ တူးဆွရာမှဖြစ်စေ၊ တောတောင်ဒေသများသို့ အကြောင်းတစ်ခုခုကြောင့် ခရီးသွားရာမှဖြစ်စေ မမျှော်လင့်ဘဲ အမှတ်မထင် တွေ့ရှိရတတ်ပေသည်။

"မန္တလေးတိုင်း အမရပူရမြို့နယ် တံခွန်တိုင်အနီးတွင် အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မြေများကိုညှိစဉ် ကြေးသွန်းနတ်ရုပ်များကို တွေ့ရှိရသဖြင့် တာဝန်ရှိသူများက မန္တလေးရှေးဟောင်းသုတေသနဦးစီးဌာနသို့ လွှဲပြောင်းပေးလိုက်သည်ဟု သိရသည်။ မြေအောက်မှ တွေ့ရှိရသည့် ကြေးသွန်းနတ်ရုပ်များကို ဘေးရန်အတားအဆီးအဖြစ် မြို့ရိုးလေးဘက်တွင် မြှုပ်နှံလေ့ရှိကြောင်း ရှေးဟောင်းသုတေသနဌာနက ခန့်မှန်းထားသည်။သက္ကရာဇ် ၉၆၀ ညောင်ရမ်းမင်းလက်ထက် အင်းဝမြို့တည်ကာလ ဘားမဲ့ဆရာတော်စီရင်သည့်စာတမ်း၊ သက္ကရာဇ် ၁၁၂၅ ခုနှစ်ဆင်ဖြူရှင်မင်းလက်ထက် အင်းဝမြို့ကို ထပ်မံတည်ဆောက်တော်မူသည့်စာတမ်းနှင့်သက္ကရာဇ် ၁၁၄၄ ခုနှစ်ဘိုးတော်မင်းတရားလက်ထက် အမရပူရနန်းမြို့ တည်တော်မူသည့်စာတမ်းများတွင် နတ်ရုပ်များကို ကြေးဖြင့် သွန်းလုပ်ရမည်ဟု ဖော်ပြပါရှိသည်ဟု သိရ၏။"

"ရှေးနှစ်ပေါင်း ၂၀၀ ခန့်လောက်က မြန်မာမင်းများ အသုံးပြုခဲ့သော ရှေးဟောင်းငွေဒင်္ဂါးများကို သံတွဲမြို့မှ တစ်မိုင်ခန့်ကွာဝေးသည့် ရွှေကျောင်းပြင်ရွာ ဂိုတ်တောင်ဘုန်းကြီးကျောင်း တောင်ခြေရင်းရှိ မန်ကျည်းပင်အောက်နား၌ တွေ့ရှိရသည်။ တွေ့ရှိသူမှာ ထိုဘုန်းကြီးကျောင်းအနီးတွင် နေထိုင်သော ဦးမောင်ကြွယ်-ဒေါ်မကောက်တို့၏ သားငယ် အသက် (၁၁)နှစ်ရှိသူ မောင်မြင့်မောင်ဖြစ်၏။ ငါးမျှားရန် ခရများ ရှာဖွေရာမှ ငွေဒင်္ဂါးတစ်ပြားကိုတွေ့မြင်၍ ကောက်ယူလိုက်သည်တွင် တွင်းပေါက်တစ်ခုပေါ်လာပြီး ယင်းတွင်းထဲမှ ငွေဒင်္ဂါးများ အထပ်လိုက်ပေါ်လာသည်။ ဆက်လက်တူးဖော်ရာ ငွေဒင်္ဂါး ၈၂ ပြားရရှိသည်။ အဆိုပါ ရှေးဟောင်းဒင်္ဂါးများမှာ အဝိုင်းပုံဖြစ်ပြီး တစ်ဖက်စီတွင် ရှေးဟောင်းစာပေများ ရေးသားထားသည်။ ဒင်္ဂါးအပေါ်ပိုင်းတွင် ၁၁၄၆ ဟု ပါရှိပြီး အောက်တွင် အမရပူရ ဆင်သူမရှင် (ဝါ)ဆင်ဖြူများရှင် ဟု စာလုံးများ ရေးသားထားသည်ကို မပီမသ တွေ့ရှိရပေသည်။ ဒင်္ဂါးအလေးချိန်မှာ တစ်ကျပ်သားတွင် သုံးရွေးခန့် လျော့နေသည်။"

"တွံတေးမြို့ သာသနာ့ဝေပုလ္လရွာ ကွမ်းခြံကျောင်းအတွင်းရှိ စေတီဟောင်းကို ပြုပြင်ရာ မွန်ကျောက်စာတစ်ချပ်၊ ရှေးဟောင်းအုတ်ခွက်ဘုရားနှင့် ဆင်းတုတော်များကို တူးဖော်ရရှိသည်။ ယင်းကျောက်စာမှာ စာကြောင်းရေ ခြောက်ကြောင်းရှိပြီး သက္ကရာဇ် ၈၆၀ တွင် သူတော်ကောင်းတို့က ဌာပနာ တည်ထားကိုးကွယ်ကြကြောင်း ရေးထိုးထားသည်။ အုတ်ခွက်တို့တွင် ရှေးကျသောလက်ရာပါရှိ၍ ခေတ်လယ်မွန်စာပေကို လေ့လာရန်များစွာ အထောက်အကူရသည်။ ထို့အပြင် အစောပိုင်းကာလမြန်မာနိုင်ငံ၏ ယုံကြည်မှုဆိုင်ရာ ယဉ်ကျေးမှုသရုပ်များကို ဖော်ပြသောကြောင့် သမိုင်းတန်ဖိုးများစွာရှိသည်ဟု ဆို၏"

"ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းအနောက်ဘက်တွင် မိုးရွာ၍ တောင်ပြိုကျသောနေရာသို့ တောင်ပို့မှိုရှာရန်သွားသော ရမ်းဗြဲမြို့ ရွှေတုံးရပ်နေ မနင်းအေးသည် ရှေးနှစ် ၅၀၀ ကျော်ခန့်ကဟု ခန့်မှန်းရသော ရခိုင်အမျိုးသမီးများ ဝတ်ဆင်သည့် ငွေလက်ကောက် သုံးကွင်းကိုတွေ့ခဲ့ရသည်။ ထိုလက်ကောက်တို့မှာအလေးချိန်အားဖြင့်ကျပ်၂၀ ကျပ်သားခန့်လေးပြီး ငွေစစ်စစ်ကို အနုပညာလက်ရာ မြောက်အောင် ထုလုပ်ထားသော ပစ္စည်းများဖြစ်သည်။"

"မကွေးတိုင်း နတ်မောက်မြို့ အရှေ့တောင်ဘက် မိုင် ၂၀ ခန့်အကွာ ဥယျာဉ်ကုန်းကျေးရွာတွင် တောင်သူ ကိုချက်ဖောင်းနှင့် မချိုခြင်းတို့သည် ယာထွန်နေခိုက် ထွန်သွားဖြင့် ညှိတွယ်ပါလာသော အချိန်တစ်ပိဿာ ၇၅ ကျပ်သားရှိ ရွှေလင်ပန်းတစ်ချပ်ရရှိ၏။ နောက်ထပ်တူးဖော်ရာတွင် ရွှေလင်ပန်းတစ်ချပ် ထပ်မံတွေ့ရှိခဲ့ကြပြန်သည်ဟု သိရသည်။

"မန္တလေးတိုင်း အမရပူရမြို့ တောင်သမန်အင်းစောင်းရှိ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ကျောင်းသစ်ဆောက်ရန် မြေတူးဖော်စဉ် အောက်မြေလွှာငါးပေခန့်မှ ကျောက်ခေတ်သစ် လက်နက်များဖြစ်သော ကျောက်ပုဆိန်၊ ကျောက်လုံးသွားအချို့နှင့်အတူ အမြောင့်ကိုးလက်မပါရှိသော ကျောက်ကွင်းတစ်ခုကို ရရှိသည်။"

အထက်ပါတို့မှာ စာရေးသူဖြတ်ညှပ် သိမ်းဆည်းထားခဲ့သော လွန်ခဲ့သည့်နှစ်ပေါင်း အတန်ကြာကာလမှ သတင်းစာမှတ်တမ်းအချို့ကို ကောက်နုတ်တင်ပြလိုက်ခြင်းဖြစ်ပါသည်။ ရှေးဟောင်းပစ္စည်းများကို ဤကဲ့သို့ မတော်တဆတွေ့ရှိခဲ့ကြသည့် ဖြစ်စဉ်များသည် နိုင်ငံနှင့်အဝန်းအတော်များများရှိခဲ့၏။ ယခင်ကတွေ့ရှိခဲ့ကြသလို ယခုလည်း ဆက်လက်တွေ့ရှိနေကြပြီး နောင်တွင်လည်း ဆက်လက်တွေ့ရှိကြရဦးမည်ဖြစ်သည်။ ဤသို့ တွေ့ရှိရမှုများနှင့် ပတ်သက်သည့်သတင်းများကို သက်ဆိုင်ရာဌာနမှ ကြားသိခဲ့ရသည်လည်းရှိ၏။ မကြားသိလိုက်ရဘဲ အစပျောက်သွားရသည့် ဖြစ်ရပ်များလည်းရှိသည်။ တာဝန်သိသူများ၏ သတင်းပေးပို့မှု၊ လွှဲပြောင်းပေးအပ်မှုတို့ကြောင့် ပစ္စည်းမှန်နေရာမှန် ရောက်ရှိခဲ့ကြရသည်များလည်းရှိ၏။ တာဝန်မဲ့သူနှင့် ဝိသမသမားတို့ကြောင့် ဆုံးရှုံးသွားခဲ့ရသည်များလည်း မနည်းလှတော့ပြီ။

တာဝန်သိသိဖြင့် ပစ္စည်းမှန်ကို နေရာမှန်သို့ပို့ဆောင်ပေးအပ်သည့် လုပ်ဆောင်ချက်၏ရလဒ်ကား အလွန်ပင်ကောင်းမွန်လှ၏။ အကျိုးရှိလှ၏။ သာဓကအချို့ကို တင်ပြပါမည်။ ၁၉၆၉ ခုနှစ်က ဓနုဖြူမြို့၌ မြစ်အတွင်း ရေဆင်းချိုးရင်း ရွှေစလွယ်၊ ရွှေဖလား၊ ရွှေထုံးဘူးနှင့် ရွှေဇွန်းတို့ကို ကျောင်းသားလေးအချို့က ရရှိခဲ့သဖြင့် တာဝန်သိသူများမှတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပို့အပ်လှူဒါန်းခဲ့၏။ ထိုသို့လှူဒါန်းမှုအတွက် တွေ့ရှိသူ ကျောင်းသားလေးများအား ထိုက်တန်စွာ ဆုကြေးချီးမြှင့်ခဲ့၏။ ယင်းရှေးဟောင်းရွှေထည်ပစ္စည်းများကိုလည်း ၁၉၇၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တွင် အခြားမင်းခမ်းတော်ပစ္စည်းများ၊ နန်းတွင်းပစ္စည်းများနှင့် ယှဉ်တွဲ၍ ခမ်းနားထည်ဝါစွာ ပြသထားနိုင်ခဲ့သည်မှာ ယနေ့ထက်တိုင် အောင်ပင်ဖြစ်ပါ၏။ အလားတူပင် မြင်းမူမြို့နယ် ဦးနှောင်းကုန်းကျေးရွာ၌ လယ်သမားကြီးတစ်ဦး တူးဖော်တွေ့ရှိခဲ့ရသော ပျူခေတ်နယားလက်ကောက်နှင့် ပစ္စည်းအချို့တို့လည်း ရှေးဟောင်းသုတေသနဦးစီးဌာနသို့ ပို့အပ်လှူဒါန်းခဲ့သဖြင့် ထိုက်တန်စွာ ဆုကြေးချီးမြှင့်ခံခဲ့ရသည်။ ယင်းရှေးဟောင်း အမွေအနှစ်ပစ္စည်းများကိုလည်း အမျိုးသားပြတိုက်၌ ဂုဏ်ယူဖွယ်ရာ ခင်းကျင်းပြသထားနိုင်ခဲ့သည်။

တာဝန်မဲ့စွာပြုကျင့်မှု၊ ဝိသမလောဘတက်မှုတို့ကြောင့် နိုင်ငံအတွက်ရော ကာယကံရှင်တို့အတွက်ပါ ထိခိုက်နစ်နာဆုံးရှုံးမှုအချို့ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိခဲ့ရဖူးပါသည်။ သာဓကအားဖြင့် ၁၉၈၆ခုနှစ်က ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးရွာတစ်ရွာမှ ရွာသားအချို့သည် မြွေတစ်ကောင်ကို လိုက်ရိုက်ရင်း မြွေတွင်းကို တူးဆွရာမှ ရှေးဟောင်းရွှေထည်၊ ငွေထည်ပစ္စည်းအတော်များများကို တွေ့ရှိခဲ့ကြရသည်။ ယင်းပစ္စည်းတို့မှာ ရှေးမြန်မာမင်းများလက်ထက် မြို့ဝန်အဆင့်ပုဂ္ဂိုလ် အသုံးပြုခဲ့ဟန်ရှိသော အဆောင်အယောင်နှင့် အဆင်တန်ဆာပစ္စည်းများ ဖြစ်ကြ၏။ လည်ဆွဲ၊ လည်တုံ၊ ဘယက်၊ ရွှေသေတ္တာငယ်၊ ရွှေနားတောင်း၊ ရွှေထုံးဘူး စသော ပစ္စည်းမျိုးများဖြစ်ကြ၏။ သို့ရာတွင် တွေ့ရှိသူတို့က အဆိုပါ ရှေးဟောင်းအမွေအနှစ်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ထုခွဲဖျက်ဆီး အရည်ကျို ရောင်းချခဲ့ကြ၏။ သက်ဆိုင်ရာမှ သတင်းရပြီး လိုက်လံသိမ်းဆည်းချိန်၌ ပစ္စည်းအတော်များများတို့မှာ မူလပုံစံမဟုတ်တော့ဘဲ ပျက်စီးခဲ့ရသည်။ သို့နှင့် ပစ္စည်း အနည်းအကျဉ်းလောက်သာ မူလပုံသဏ္ဌာန်အတိုင်းနေရာမှန်သို့ ရောက်ရှိခဲ့ရပြီး အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသထားနိုင်ခဲ့၏။ ယင်းသို့ မလျော်မကန်သော လုပ်ရပ်ကြောင့် ပြစ်မှုကျူးလွန်သူတို့သည် တရားဥပဒေအရ အရေးယူအပြစ်ပေးခံခဲ့ရ၏။

တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်လက်ရာပစ္စည်း အတော်များများတို့မှာ ပုံပျက်ပန်းပျက်ဘဝသို့ ရောက်ရှိခဲ့ရ၏။ နေရာမှန်သို့ ရောက်ရှိခဲ့သော်လည်း ပြသ ရန် အခြေအနေမရှိတော့၍ ပစ္စည်းသိုလှောင်ခန်း၌သာ သိမ်းဆည်းထားခြင်းခံခဲ့ရတော့သည်။ အကယ်၍သာ ထိုပစ္စည်းတို့ကို မူလတွေ့ရှိသူတို့က အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် နေရာမှန်သို့ တာဝန်သိသိ ပို့အပ်ခဲ့မည်ဆိုပါလျှင် ရွှေထည်၊ ငွေထည်တို့၏ ခေတ်ပေါက်ဈေးအပြင် သမိုင်းခေတ်ဆိုင်ရာဆောင်းငွေကိုပါ ပေါင်းစပ်၍ထိုက်ထိုက်တန်တန် ဆုကြေးချီးမြှင့်ခြင်းခံကြရမည့်အပြင် နိုင်ငံတော်၏ ဂုဏ်ပြုချီးမြှင့်မှုကိုလည်း ခံယူကြရပေမည်။ ၎င်းတို့လှူဒါန်းသည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလည်း အမျိုးသားပြတိုက်ကြီးထဲ၌ ခမ်းနားထည်ဝါ ဂုဏ်ယူဖွယ်ရာ ခင်းကျင်းပြသထားနိုင်မည်သာဖြစ်သည်။

နိုင်ငံတော်က ချမှတ်ထားသော လူမှုရေးဦးတည်ချက်ဖြစ်သည့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို နေရာမှန်သို့ ပို့ဆောင်အပ်နှံကြရပါမည်။ ဤသို့ဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသားရေးတာဝန်ကြီးတစ်ရပ်ကို ကျေပွန်နိုင်ကြပါစေဟု ဆန္ဒပြု ရေးသားလိုက်ရပါသည်။ ။

ပုဂံရှေးဟောင်း စေတီတော်တစ်ဆူ ပြိုကျရာမှ တွေ့ရှိခဲ့ရသော ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ။

စိုက်ပျိုးမွေးမြူရေးစခန်း လုပ်ငန်းဆောင်ရွက်မှုများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်း မအူပင်မြို့နယ် ရေနက်ကွင်းဒေသ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးစခန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် စခန်းရှင်းလင်းဆောင်၌ မြို့တော်ဝန်အား မအူပင်စိုက်ပျိုးမွေးမြူရေးစခန်း တာဝန်ခံ ဦးဉာဏ်ထွန်းအောင်၊ ဗိုလ်မှူးမင်းအောင်နှင့် စခန်းတာဝန်ရှိသူများက အကျယ်အဝန်းဧက ၃၆၈၀ ရှိ စိုက်ပျိုးမွေးမြူရေးစခန်းပိုင် မြေကွက်လပ်၌ ငါးကန် ၁၀၅ ကန် တူးဖော်ထားရှိပြီး ငါးတန်၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးကြင်းခေါင်းပွနှင့် ရွှေဝါငါးကြင်းများ ကောင်ရေ ၂၂သိန်းခန့် ထည့်သွင်းမွေးမြူထားရှိမှု၊ နေ့စဉ် ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများနှင့် အခြားဈေးများသို့ တင်ပို့ရောင်းချပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ လုပ်ငန်းခွဲများအလိုက် ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်သည် မွေးမြူထားသည့် ငါးများအတွက် အစာတောင့်များ ထုတ်လုပ်နေမှု၊ ငါးမွေးမြူရေးကန် အမှတ် (၁)၊ အမှတ် (၂)နှင့် အမှတ် (၃)တို့တွင် ထည့်သွင်းမွေးမြူထားသည့် ငါးများ၏ ကြီးထွားမှုနှုန်းအခြေအနေများ၊ ဝက်မွေးမြူရေးစခန်း၌ Large White အမျိုးအစားနှင့် ဘတ်ရှိုင်းယားအမျိုးအစား ဝက်ကောင်ရေ ၄၁၀ ကို စနစ်တကျ မွေးမြူထားရှိမှု၊ ဒေသမျိုးကြက်များ မွေးမြူထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပံ့ပိုး

မြို့တော်ဝန်က စခန်းတာဝန်ရှိသူများအား စနစ်တကျဖြင့် ဝင်ငွေတိုးတက်ရရှိစေရန် နည်းပညာသစ်များ ရယူ၍ တီထွင်ကြံဆလုပ်ဆောင်ရေး၊ မြက်စားငါးကြင်းနှင့် တီလားပီးယားအမျိုးအစားငါးများ တိုးချဲ့မွေးမြူရေး၊ ငါးကန်ပေါင်များ၌ စားသုံးသီးနှံပင်များ၊ ရာသီသီးနှံပင်များ တိုးချဲ့ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိစေရေး၊ ဝန်ထမ်းများ သက်သာချောင်ချိမှုရှိစေရန် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ပူဇော်ပွဲ၊ ဩဝါဒခံယူပွဲနှင့် သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၅

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်များအား ပူဇော်ပွဲ၊ ဩဝါဒခံယူပွဲနှင့် ယဉ်ကျေးမှု သင်တန်းဆင်းပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၀၄)ရပ်ကွက်ရှိ ရွှေဝါဝင်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကျင်းပရာ သင်တန်းနည်းပြ ဆရာတော် အရှင်အာသဘ (အမ်အေ၊သီရိလင်္ကာ)က ယဉ်ကျေးမှုသင်တန်းနှင့် ပတ်သက်၍တင်ပြလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ထူးချွန်ဆုရသင်တန်းသား၊သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ (က-ပ)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လမ်း၅၀ အမှတ်(၁၁၂)နေ ကွယ်လွန်သူ ဇနီး ဒေါ်ပုလဲစီအား ရည်စူး၍ ခင်ပွန်း ဦးကွန်ဘနှင့် သားသမီးမြေးတစ်စုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ ကယားပြည်နယ်တွင် လေ့လာ

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လူငယ်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင် ၃၂ဦးတို့သည် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမော်ရယ် ဦးဆောင်လိုက်ပါလျက် မိတ္ထီလာမြို့စုရပ်မှ မေ ၂ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိရာ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှေ့၌ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းအတွင်းရေးမှူး ဦးကျော်ဆွေ၊ ခရိုင်၊ မြို့နယ်အသင်းအတွင်းရေးမှူးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များက ကြိုဆိုကြသည်။

ထို့နောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များအား ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြိုဆိုနှုတ်ခွန်းဆက် အခမ်းအနားကို အဆိုပါအသင်းရုံး ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်အသင်း အတွင်းရေးမှူး ဦးကျော်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကြိုဆိုလက်ခံ

ဆက်လက်၍ လူငယ်လေ့လာရေးအဖွဲ့ဝင်များအား တည်းခိုမည့်အိမ်များသို့ လိုက်လံပို့ဆောင်ပေးကြရာ လွိုင်ကော်မြို့ မင်းစုရပ်ကွက်နှင့် ရှမ်းစုရပ်ကွက်ရှိ သက်ဆိုင်ရာ တည်းခိုမည့်အိမ်ရှင်မိဘဆွေမျိုးများက ခင်မင်ရင်းနှီးလိုက်လှဲပျူငှာစွာ ကြိုဆိုလက်ခံကြသည်။

ယင်းနောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ကယားပြည်နယ် လွိုင်ကော်မြို့ ကျက်သရေဆောင် သီရိမင်္ဂလာတောင်တော်(တောင်ကွဲစေတီ)အား လည်းကောင်း၊ ဆုတောင်းပြည့်မြို့နာမ်ရွှေစေတီတော်အား လည်းကောင်း သွားရောက်ဖူးမြော်ကြပြီး အလှူငွေများကို လှူဒါန်းကြသည်။

ကြည့်ရှုလေ့လာ

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၃ရက် နံနက်ပိုင်းတွင် ငွေတောင်ဆည်သို့ လည်းကောင်း၊ ထီးပွင့်ကန်သို့ လည်းကောင်း၊ အမှတ်(၁)ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လည်းကောင်း၊ အမှတ်(၂)ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုဗိမာန်သို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမသို့ ရောက်ရှိကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်း လူငယ်အဖွဲ့ဝင်များ အပြန်အလှန်ဆွေးနွေးပွဲ ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်စွာမင်း တက်ရောက်၍ လူငယ်လေ့လာရေး အဖွဲ့ဝင်များအား နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၄ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ဘိုးဘွားရိပ်သာ၌ ကျင်းပသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းသစ်ပင်စိုက်ပွဲတော်တွင် ပါဝင်၍သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် အဘိုး၊ အဘွား ၁၇ဦးတို့အား တစ်နေ့တာ အာဟာရကျွေးမွေး၍ အလှူငွေကျပ် ၃၀၀၀၀ကို ပေးအပ်လှူဒါန်းပြီး လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ကယားပြည်နယ်သို့ လေ့လာရေးရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးအဖွဲ့ဝင်များ ဒီမောဆိုမြို့နယ် ငွေတောင်ဆည်တွင် လေ့လာကြည့်ရှုကြစဉ်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ စစ်ကိုင်းတိုင်း၌ လေ့လာ

ရန်ကုန် မေ ၅

စစ်ကိုင်းတိုင်း မုံရွာမြို့၌ရောက်ရှိနေသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၂ရက် နံနက် ၇နာရီတွင် မုံရွာမြို့မှ ဒီပဲယင်းမြို့နယ် စိုင်ပြင်ကြီးစံပြကျေးရွာသို့ ရောက်ရှိကြပြီး လယ်တီဆရာတော်ကြီး၏ မွေးဖွားရာနေရာနှင့် ကျောက်စာတိုက်တို့ကို လေ့လာကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကန့်ဘလူမြို့ မဟာရွှေစည်းကြီးစေတီတော်သို့ ရောက်ရှိ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်က သဖန်းဆိပ်ရေလှောင်တမံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် သဖန်းဆိပ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ရွှေဘိုမြို့သို့ ရောက်ရှိကြပြီး ရုပ်ပျိုတိုင်းရင်းဆေး အထူးကုဆေးခန်းနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းစက်ရုံသို့ သွားရောက်လေ့လာကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၃ရက် နံနက်ပိုင်းတွင် ဘုတလင်မြို့နယ် တွင်းတောင်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အဏုဇီဝစိမ်းပြာရေညှိဆေးဝါးလုပ်ငန်းစက်ရုံသို့ သွားရောက်လေ့လာကြသည်။

ထို့နောက် မုံရွာမြို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ပညာ့အလင်းခေတ်မီစာကြည့်တိုက်၊ ရှေးဟောင်းမြန်မာစာပေယဉ်ကျေးမှုဌာနနှင့် မဟာလယ်တီကျောက်စာတိုက်တို့ကို သွားရောက် လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံ တည်ဆောက်ရေးလုပ်ငန်း၊ ချင်းတွင်းစတားမော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်း၊ အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းတို့ကို သွားရောက်လေ့လာကြသည်။

ညပိုင်းတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ချစ်ခင်ရင်းနှီးစွာ အတွေ့အကြုံများကိုဆွေးနွေးဖလှယ်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ စစ်ကိုင်းတိုင်း၌ လေ့လာရေးရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ ဘုတလင်မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အဏုဇီဝစိမ်းပြာရေညှိဆေးဝါးလုပ်ငန်းစက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မကွေးတိုင်းတွင် လေ့လာ

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ ဦးဆောင်ကြိုးကြပ်၍ မေ ၂ရက် ညနေပိုင်းတွင် မကွေးတိုင်း မကွေးမြို့သို့ ရောက်ရှိကြရာ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များက ကြိုဆိုကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ခွန်းဆက် အခမ်းအနားကို မေ ၃ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးခန်းမ၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေနှင့် အလုပ်အမှုဆောင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက မကွေးတိုင်းအတွင်း လေ့လာမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေ ဦးဆောင်လျက် ပွင့်ဖြူမြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)သို့သွားရောက်လေ့လာကြသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စက်ရုံမှူးက စက်ရုံနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်လေ့လာကြသည်။ လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပွင့်ဖြူမြို့နယ် သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မကွေးမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ မကွေးတိုင်းသို့ လေ့လာရေး ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေး အဖွဲ့ဝင်များ မကွေးတိုင်း ပွင့်ဖြူမြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)တွင် လေ့လာကြစဉ်။ (သတင်းစဉ်)



၂၀၀၅ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စစ်ရေးပြနှင့် သူနာပြုစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကကြီးမှူး၍ ၂၀၀၅ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စစ်ရေးပြနှင့် သူနာပြုစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ပြည်နယ်နှင့် တိုင်း ကြက်ခြေနီတပ်ဖွဲ့များက ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများမစတင်မီ မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဗဟိုဦးစီးမှူးချုပ် ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကိုကျင်းပရာ စစ်ရေးပြပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ အမျိုးသားလေးသင်းနှင့် အမျိုးသမီးလေးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ရှေးဦးသူနာပြုတစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲ၊ နှစ်ယောက်တွဲစွမ်းရည်ပြိုင်ပွဲနှင့် လေးယောက်တွဲစွမ်းရည်ပြိုင်ပွဲ၊ လူထုအတွင်း ရှေးဦးပြုစုနည်း စွမ်းရည်ပြိုင်ပွဲများတွင် ပြည်နယ်နှင့်တိုင်းအသီးသီး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုရရှိသော တပ်ဖွဲ့များကို မေ ၈ရက်တွင် သူနာပြုတက္ကသိုလ်၌ ပြုလုပ်မည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တာဝန်ရှိသူများ ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီးရှိ ဝါးကတုတ်ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုက ဝါးကတုတ်ရေလှောင်တမံ စီမံကိန်း၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ ပြီးစီးရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

အဆိုပါ ဝါးကတုတ်ရေလှောင်တမံစီမံကိန်းသည် ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာ၏ အထက်ဘက် လေးမိုင်အကွာ မိုးယွန်းကြီးအင်းအတွင်းသို့ တိုက်ရိုက် စီးဝင် သည့် ဝါးကတုတ်ချောင်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး မိုးယွန်းကြီးအင်းအတွင်းသို့ နွေရာသီတွင် ရေဖြည့်ပေး၍ နွေစပါးများ ပိုမိုစိုက်ပျိုးနိုင်ရန်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

ရေလှောင်တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး ရေလှောင်တမံ အမြင့်မှာ ၈၆ ပေ၊ အလျားပေ ၆၄၀၀နှင့် ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၃၂၆၀၀ ဖြစ်သည်။ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျားမှာ ၂၅၅ ပေဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ရေပိုလွှဲအကျယ်မှာ ပေ ၃၀ ဖြစ်သည်။

အထောက်အကူပြု

ဝါးကတုတ်ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ခြင်းအားဖြင့် မိုးယွန်းကြီး အင်းအတွင်းသို့ စီးဝင်မည့်ရေများကို မိုးရာသီအတွင်း သိုလှောင်ထားပြီး နွေရာသီတွင် မိုးယွင်းကြီးအင်းအတွင်းသို့ တိုက်ရိုက်ထိန်းညှိလွှတ်သွင်းပေးနိုင်ခြင်းဖြင့် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း ရန်ကုန်မြို့တော်(အရှေ့ခြမ်း) မိုင် ၃၀ ပတ်ဝန်းကျင် အမြဲတမ်းစိမ်းလန်းစိုပြည်ရေးနှင့် နွေစပါးအပါဝင် နွေသီးနှံစိုက်ပျိုးရေးစီမံချက်ကို အထောက်အကူပြု အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်း ခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားစီမံဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာနသို့ မီးသတ်ပစ္စည်းကိရိယာ လှူဒါန်း

ရန်ကုန် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ OK Myanmar Co., Ltd. က AFT အဆင့်မြင့် မီးသတ်ပစ္စည်းကိရိယာ လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အရာရှိကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် OK Myanmar Co., Ltd. မှ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးဇော်ဝိတ်(ငြိမ်း)က ဂျာမနီနိုင်ငံက ထုတ်လုပ်သည့် ငွေကျပ် ၄၆ သိန်းကျော် တန်ဖိုးရှိ AFT အဆင့်မြင့် မီးသတ်ပစ္စည်းကိရိယာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

OK Myanmar Co., Ltd. ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး ဇော်ဝိတ်(ငြိမ်း)က ဂျာမနီနိုင်ငံက ထုတ်လုပ်သည့် ငွေကျပ် ၄၆ သိန်းကျော် တန်ဖိုးရှိ AFT အဆင့်မြင့် မီးသတ်ပစ္စည်းကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံပေးအပ်စဉ်။

(မီးသတ်ဦးစီး)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ တောင်နဝင်းရေလှောင်တမံ လေ့လာ

ရန်ကုန် မေ ၅

ပြည်မြို့၌ ရောက်ရှိနေသည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၃ ရက် ည ၈နာရီတွင် ပြည်မြို့ မင်္ဂလာဂါးဒင်းဟိုတယ် မြက်ခင်းပြင်၌ လေ့လာရေးခရီး အတွေ့အကြုံများကို ရင်းရင်းနှီးနှီး ဖလှယ်ကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၄ ရက် နံနက် ၇ နာရီတွင် ပြည်မြို့နယ် မော်ဇာကျေးရွာရှိ သရေခေတ္တရာမြို့ဟောင်းနှင့် ယဉ်ကျေးမှုပြတိုက်တို့သို့ သွားရောက်လေ့လာကြသည်။

ဆက်လက်၍ ရွှေဟောင်းသမိုင်းဝင် ဘောဘောကြီးစေတီသို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်း ရေလှောင်တမံသို့ ရောက်ရှိကြရာ ဆည်မြောင်း ဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးအေးလွင်က တောင်နဝင်း ရေလှောင်တမံနှင့် စပ်လျဉ်းသည့် အချက်အလက်များနှင့် စိုက်ပျိုးရေးအတွက် ရေပေးဝေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် တောင်နဝင်း ရေလှောင်တမံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် အမှတ်(၁၁) အင်ငါးခွသကြားစက်ရုံသို့ ရောက်ရှိလေ့လာကြသည်။

(သတင်းစဉ်)

သကြား စက်ရုံ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များ လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ပဲခူးတိုင်း(အနောက်ပိုင်း)သို့ လေ့လာရေးခရီး ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ အမှတ်(၁၁) အင်ငါးခွ သကြားစက်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ဧပြီ ၂၃ ရက်က မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁) ဈေးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ကြစဉ်။

(မြို့နယ်စည်ပင်)

✧ **အိန္ဒိယတပ်မတော်မှ**

အမှတ်(၃)တပ်မကြီးမှူး Lt.Gen,Daljeet Singh နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်လင်း၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Rajiv Kumar Bhatia နှင့်ဇနီး၊ စစ်သံမှူး Colonel,Jasvinder Singh Chopra နှင့်ဇနီးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကြိုဆို

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt. Gen, Daljeet Singh နှင့် ဇနီး Mrs. Mohini Daljeet Singh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်အမှတ်(၃)တပ်မကြီးမှူး Lt. Gen, Daljeet Singhနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၀၅ (သောကြာနေ့)

၁၃၆၇ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော်(၁၃)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်

၈:၀၀ ၆။ အကပြိုင်ပွဲ

၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်

၈:၂၀ ၈။ ကျောက်ကြီးပေါက်တံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ English for Everyday Use

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**

၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၃၀ ၇။ မြန်မာစာ၊မြန်မာစကား

၅:၄၅ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ

၅:၅၅ ၉။ တေးဂီတအစီအစဉ်

၆:၁၀ ၁၀။ Discovery.

၆:၁၅ ၁၁။ ရှုဖွယ်စုံညီမြန်မာပြည်

၆:၃၀ ၁၂။ ညနေခင်းသတင်း

၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ" (အပိုင်း-၂၈)**

၇:၃၀ ၁၅။ ကြည်နူးချမ်းမြေ့ပျော်ရွှင် အမျိုးသားကန်တော်ကြီး ဥယျာဉ်(ပြင်ဦးလွင်) (အပိုင်း-၂)

၇:၄၅ ၁၆။ မြန်မာ့ရိုးရာခြင်းလုံးအားကစား

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **မြန်မာရုပ်ရှင် "ဆန်ရေ"(အပိုင်း-၂) (ညွန့်ဝင်း၊လွင်မိုး၊မြင့်မြင့်ခိုင်၊ စမ်းစမ်းအေး၊နိုင်နှင်းဝေ) [ဒါရိုက်တာ-ကြည်စိုးထွန်း]**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

❖ **ဗဟိုအလုပ်အမှုဆောင်မှ**

ဒေသခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပူးပေါင်းကာ သန့်ရှင်းရေးကုသိုလ်ပြုကြသည်။

တက်ရောက်အားပေး

ထို့နောက် ရွှေမော်ဓောစေတီတော်အနီး ဗုဒ္ဓအသံဓမ္မဗိမာန်ရှေ့၌ အရိပ်ရသစ်ပင်များ၊ အလှပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ လူငယ်လေ့လာရေးအဖွဲ့ဝင်များ၏ သန့်ရှင်းရေးကုသိုလ်ပြုပွဲနှင့် သစ်ပင်စုပေါင်းစိုက်ပျိုးပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အားပေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် နံနက် ၉နာရီတွင် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ လူငယ်လေ့လာရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အမှာစကားပြောကြားသည်။ လူငယ်လေ့လာရေးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် မွန်ပြည်နယ်မှ ဒေါ်ညိုသွဲ့ဝင်းသူက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် နံနက်၁၀နာရီတွင် ပဲခူးမြို့ရှိ မဇင်းကုန်ထုတ်သမဝါယမအသင်းသို့ သွားရောက် လေ့လာကြသည်။ (သတင်းစဉ်)

❍ **(၅၉)နှစ်မြောက်မှ**

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်နည်းစနစ်များဖြစ်သော ကြိုးကူး၊ ကြိုးတက်၊ ကြိုးဆင်းနည်းစနစ်များ၊ ဇောက်ထိုးဆင်း၍ Stretcher ဖြင့် လူနာကယ်ဆယ်ခြင်း၊ Slow down စက်သီးဖြင့် ကြိုးလျှောကားဆင်းနည်း၊Slope ဆင်းနည်းဖြင့် လူနာကယ်ဆယ်ခြင်း၊ အသက်ကယ်လေမွေ့ရာ Air Mattress ခုန်နည်း၊ အနိမ့်ပိုင်းမှ ဒဏ်ရာရလူနာကယ်ဆယ်ခြင်း၊ ဆိုင်ကယ်ဖြင့် Impulse gun ရေသေနတ်ပစ်ခတ်ခြင်း၊ အသက်ရှူကိရိယာဝတ်ဆင်မှု သရုပ်ပြခြင်း၊ မီးကာဝတ်စုံဝတ်၍ B.A Set ဖြင့်မီးထဲဖြတ်လျှောက်ခြင်း၊အဆောက်အအုံအတွင်းမှ လူနာကယ်ဆယ်ခြင်း၊ ဓာတ်ငွေ့အိုးမီးလောင်မှုကို မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှုကို Water Mist ရေသေနတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ ဆေးရောင်ခြယ်ရေဖြင့် ရေပက်သရုပ်ပြခြင်း၊ Fog Nozzle မြူနှင်းမှုန်ပိုက်ခေါင်း အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ လှေကားတင်မီးသတ်ယာဉ်များဖြင့် အထပ်မြင့် အဆောက်အအုံမီးလောင်မှုကို မီးငြိမ်းသတ်မှု သရုပ်ပြခြင်း၊ အမျိုးသားအဖွဲ့ မီးသတ်စက်ကြီးပြိုင်ပွဲ၊ အမျိုးသမီးအဖွဲ့ အပေါ့စား စက်ကလေးပြိုင်ပွဲ၊ အမျိုးသားအဖွဲ့ တူညီဝတ်စုံပြိုင်ပွဲတို့ကို သရုပ်ပြပြီး စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒိုင်းဆုအပ်နှံ

ဆက်လက်၍ (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီခွဲတွင် မီးသတ်ဦးစီးဌာန (ရုံးချုပ်) သီတာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲမှ ရရှိသော ဒိုင်းဆုကို တပ်ခွဲမှူးက ညွှန်ကြားရေးမှူးချုပ်ထံ အပ်နှံသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မီးသတ်တပ်ဖွဲ့နေ့အတွက် အလှူငွေပေးအပ်သည့် အလှူရှင်များ၊ မီးသတ်တပ်ဖွဲ့နေ့အတွက် အနုပညာဖြင့် ကူညီဆောင်ရွက်ပေးသော အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်က(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသတင်းဆောင်းပါးရေးသားသူများ၊လူမှုထူးချွန်တံဆိပ်ရရှိသူနှစ်ဦးနှင့် ဂက်စ်အိုးအရောင်းဆိုင် မီးလောင်မှုတွင် စွန့်စားငြိမ်းသတ်ခဲ့သူ တပ်ဖွဲ့ဝင် ၁၀၂ ဦးကိုယ်စား တပ်ဖွဲ့ဝင်တစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်ဇင်က သဃ်န်းကျွန်းမြို့နယ် ဈေးဘာစက်ရုံမီးလောင်မှုတွင် တပ်ဖွဲ့ဝင်တစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်အထိ စွန့်စား၍ ပူးပေါင်း ပါဝင်ငြိမ်းသတ်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးတို့ကိုယ်စား တပ်ဖွဲ့ဝင်တစ်ဦးအားလည်းကောင်း၊ပန်းဘဲတန်းမြို့နယ်တွင် တိုက်ပေါ်မှခုန်ချရန်ကြိုးစားစဉ် အသက်စွန့်ကယ်ဆယ်ခဲ့သည့် တပ်ဖွဲ့ဝင်နှစ်ဦးအားလည်းကောင်း၊ ပုဇွန်တောင်မြို့နယ်တွင် ၁၀ထပ်တိုက်ခေါင်မိုးပေါ်မှ ခုန်ချရန် ကြံစည်သူအား အသက်စွန့်ကယ်ဆယ်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်သုံးဦးတို့ကိုယ်စား မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

တံဆိပ်ချီးမြှင့်ခံရသူ

ထို့နောက် နိုင်ငံတော်ကချီးမြှင့်သည့် ၂၀၀၅ ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၂၀ တို့ ကိုယ်စား တံဆိပ်ချီးမြှင့်ခံရသူ တစ်ဦးအားလည်းကောင်း၊ ဗဟိုအဆင့် မီးသတ်ကျင့်ဝတ်ဖြေဆိုရာတွင် ဆုရရှိသူများ၊ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း အကြိုအခြေခံမီးသတ်သင်တန်းအများဆုံးဖွင့်လှစ်နိုင်ခဲ့သော ပြည်နယ်၊ တိုင်းများအားလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်းရှိ စခန်းသာယာရေးဆုရရှိသော မြို့နယ်မီးသတ်စခန်းများအားလည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့များတွင် ၂၅ နှစ်ကျော် စေတနာ၊ ဝါသနာ၊ အနစ်နာခံလျက် ကိုယ်ကျိုးစွန့်ဆောင်ရွက်နေသော အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်း ကိုယ်စားပြု အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ တပ်စိတ် အလိုက်စစ်ရေးပြပြိုင်ပွဲ၌ ဆုရရှိသည့် အဖွဲ့များအားလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးအရန်မီးသတ်တပ်ဖွဲ့ဝင်များမှ အပေါ့စား မီးသတ်စက် စွမ်းရည်ပြိုင်ပွဲ၌ ဆုရရှိကြသည့်အဖွဲ့များအားလည်းကောင်း၊ ယူနီဖောင်းဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ မီးသတ်စက်ကြီးပြိုင်ပွဲတွင် ဆုရရှိကြသည့် အဖွဲ့များအားလည်းကောင်း၊ စစ်ရေးပြလေ့ကျင့်ရေးဆုရသည့် မြို့နယ်များအားလည်းကောင်း သက်ဆိုင်ရာ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများက ဂုဏ်ပြုဆု၊ ဂုဏ်ပြုလက်မှတ်များနှင့် ဒိုင်းဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆုချီးမြှင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြ အခမ်းအနားတွင် ရဲသူရိန်တံဆိပ်ရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင်မပေါ့နှင့်

ရန်ကုန်တိုင်းစစ်ဌာနချုပ် မွေးမြူရေးစခန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေး ခေတ်မီမွေးမြူရေးနည်းစနစ်များ ပေါင်းစပ်ကာ လုပ်ငန်းများတိုးချဲ့ရန် မှာကြား

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဇော်ဘွားကြီးကုန်းရှိ အမှတ်(၁) မွေးမြူရေးစခန်းသို့ ရောက်ရှိရာ စခန်းရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဗိုလ်ကြီးဝင်းဇင်မောင်က စခန်းအတွင်း အသားစားကြက်ကောင်ရေ ၂၀၀၀၀ ကျော် မွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေ၊ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ကြက်ပိဿာချိန် ၁၂၂၈၆၂ ဒသမ ၂၉ ပိဿာ ထုတ်လုပ်နိုင်ခဲ့မှုနှင့် ယခင်နှစ်ကထက် ပိဿာချိန် ၆၀၀၀ ကျော် တိုးတက်ထုတ်လုပ်နိုင်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အသားစားကြက်များ ပိုမိုမွေးမြူထုတ်လုပ်နိုင်ရေးနှင့် ကြက်များ ကူးစက်ရောဂါကင်းရှင်းစေရေး ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကြက်ခြံများအတွင်း အသားစားကြက်များ မွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ပင်မငါးမွေးမြူရေးစခန်းသို့ ရောက်ရှိရာ စခန်းရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဗိုလ်မှူးသက်လှိုင်က ငါးမွေးမြူထုတ်လုပ်ရောင်းချလျက်ရှိသည့် အခြေအနေ၊ ငါးသားပေါက်များ သားဖောက်ထုတ်လုပ်ရောင်းချလျက်ရှိသည့် အခြေအနေ၊ ငါးမွေးမြူရေးစခန်းအလိုက် ငါးကန်များ တူးဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဝက်မွေး မြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မိဘမျိုးရိုး အီဆာနီယိုဘရောင်း ဥစားမျိုးကြက်များ မွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများ ရှင်းလင်းတင်ပြသည်။

တိုးချဲ့တူးဖော်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မွေးမြူရေးစခန်းများ အလိုက် ငါးကန်များ တိုးချဲ့တူးဖော်၍ ခေတ်မီမွေးမြူရေးနည်းစနစ်များ ပေါင်းစပ်ကာ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးစခန်းရှိ ကြက်ခြံအတွင်း မိဘမျိုးရိုး အီဆာနီယိုဘရောင်း ဥစားမျိုးကြက်များ မွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ဝက်များ မွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တိုင်းမွေးမြူရေးခြံအတွင်း ဝက်များမွေးမြူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မဟာသန္တိသုခ အပတ်စဉ်(၃) အဘိဓမ္မာသင်တန်း ဖွင့်မည်

ရန်ကုန် မေ ၅

ခေတ်မီ သင်္ကေတနည်းစနစ်ဖြင့် သင်ကြားပို့ချပေးနေသော (စနေ-တနင်္ဂနွေ) ညနေအဘိဓမ္မာသင်တန်းများကို သင်တန်းမှူးဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတ (မဟာဝိဇ္ဇာ၊ မာဂဓတက္ကသိုလ်)နှင့် သဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်တို့ကိုယ်တိုင် ယခင်ကကဲ့သို့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး မေ ၁၄ ရက် (စနေနေ့)တွင် သင်တန်းဖွင့်ပွဲ ကျင်းပမည်ဖြစ်သည်။

သင်တန်းသားဦးရေ ကန့်သတ်မှုရှိသဖြင့် တက်ရောက်လိုသော ဓမ္မမိတ်ဆွေများသည် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ သင်တန်းရုံး ဖုန်း-၅၄၄၉၃၈ သို့ ဆက်သွယ်ကာ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း စစ်ဌာနချုပ်အနေဖြင့် ရန်ကုန်မြို့တော်နေ ပြည်သူများ၏ အသား၊ ငါးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ မွေးမြူရေးစခန်းများ ဖွင့်လှစ်ပြီး အသားစားကြက်၊ ဥစားကြက်၊ ဝက်နှင့် ငါးများမွေးမြူကာ ရန်ကုန်မြို့တွင်းရှိ အခွန်လွတ်ဈေးများသို့ ကြက်သား၊ ကြက်ဥ၊ ငါးများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ (သတင်းစဉ်)

World Red Cross Day-2005

ကမ္ဘာ့ကြက်ခြေနီနေ့

"လူ့ဂုဏ်သိက္ခာကာကွယ်ရေး ကြက်ခြေနီကစွမ်းဆောင်ပေး"

PROTECTING HUMAN DIGNITY

၂၀၀၅ ခုနှစ်၊ မေလ(၈)ရက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း

တရုတ်-မြန်မာ အဆင့်မြင့်ဆွေးနွေးပွဲမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ဧပြီ ၂၀ရက်မှ မေ ၃ ရက်အထိ ကျင်းပခဲ့သည့် တရုတ်-မြန်မာ ဖွံ့ဖြိုးမှုဇုန်ဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး မေ ၄ရက် ညပိုင်းတွင်လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးတင့်ဆွေအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင် ရှစ်ဦးနှင့် ဝန်ကြီးဌာနတို့မှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်ခုနစ်ဦး စုစုပေါင်းအဖွဲ့ဝင် ၁၅ ဦး ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ ရခိုင်ပြည်နယ် သံတွဲမြို့၌ လေ့လာ

ရန်ကုန် မေ ၅

ပြည်နယ်နှင့်တိုင်းများမှပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် မေ ၃ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ သံတွဲလေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ လူငယ်လေ့လာရေးအဖွဲ့ဝင်များအား နံနက် ၁၀နာရီ ၁၅မိနစ်တွင် သံတွဲမြို့ အမေ့ဇင် ဟိုတယ်ခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ် တာဝန်ခံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်၊ ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လီယိုပုစွန်မွေးမြူရေးစခန်းနှင့် လင်းအောင် အအေးခန်းတို့သို့ သွားရောက်လေ့လာကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းလူငယ်များ လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ရခိုင်ပြည်နယ်သို့ လေ့လာရေး ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ ရခိုင်ပြည်နယ် သံတွဲမြို့ လီယို ပုစွန်မွေးမြူရေး စခန်းတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်ထိန်းသိမ်းရေး ကော်မတီ ဌာနခွဲ(၂) အမှတ် (၉၈)မော်တော်ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း/ရောင်းများ စုပေါင်း၍ အင်းစိန်မြို့ မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် တစ်သိန်းသုံးသောင်းလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်း၊ ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးသောင်းကြည်တို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသော ၂၀၀၅ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်း ကော်မတီဝင်များ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မင်္ဂလာတောင်ညွန့်၊ ကျောက်တံတား နှင့် ဒဂုံမြို့နယ်တို့မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီ နှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပွဲဦးထွက်ပြိုင်ပွဲအဖြစ် ရန်ကုန်တိုင်းနှင့်ကချင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မေ ၆ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားပြိုင်ကွင်း၌ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ဥက္ကလာ ပဒေသာဘောလုံးကွင်း၌ တနင်္သာရီတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ညနေ ၄ နာရီတွင် စလင်းကွင်း၌ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တောင်ဥက္ကလာ ပဒေသာဘောလုံးကွင်း၌ ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် ဩဝါဒါစရိယ နယားကျောင်း ဆရာတော်ကြီး ပျံလွန်တော်မူ

ရန်ကုန် မေ ၅

နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက် နယားကျောင်းမှ သက်တော် (၉၄)နှစ် သိက္ခာတော် (၇၃)ဝါရှိ ဘဒ္ဒန္တ မေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဆရာတော်ကြီးသည် ၁၃၆၇ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက်၊ မေ ၅ရက် (ကြာသပတေးနေ့) နံနက် ၁နာရီ ၃၅မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းမှ ဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏

ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ဆူးတပ် အုတ်ဖိုကျေးရွာ ခမည်းတော် မြန်မာသမားတော်ကြီး ဦးစံခိုင်၊ မယ်တော် ဒေါ်အိမ်မင်းတို့မှ ၁၂၇၃ ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်၊ ကြာသပတေးနေ့ ညနေ ၄ နာရီအချိန်တွင် ဖွားမြင်တော်မူသော တတိယမြောက် သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၈ခုနှစ် (၁၅)နှစ်သားအရွယ်တွင် ဆူးတပ်အုတ်ဖိုကျေးရွာ၊ ထန်းတောကျောင်း ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူပါသည်။ ၁၂၉၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂)ရက် (စနေနေ့)နံနက် ၇နာရီ မိနစ် ၂၀ အချိန်တွင် အုတ်ဖိုရွာ၊ သိမ်ကုန်းခဏ္ဍသိမ်၌ ရမည်းသင်းမြို့နယ် ဆူးတက်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသထေရ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ထန်းတောကျောင်း ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏထံတွင် ကစ္စည်း၊ သဒ္ဒါ စသော အခြေခံကျမ်းစာများကို သင်ကြားတတ်မြောက်တော်မူခဲ့ပြီး မန္တလေးမြို့သို့ ကြွရောက်၍ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ၊ ဘဒ္ဒန္တ ဇောတိပါလ၊ ဘဒ္ဒန္တ ဥက္ကံသ၊ ပခန်းကျောင်းဆရာတော် ဘဒ္ဒန္တ ပညိဿရ၊ အလယ်တိုက်ကြီး ဆရာတော် ဘဒ္ဒန္တ ဥေယျာဘိဝံသ၊ သာသနာ့ဇောတိကာရုံ ဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ၊ အာသောကာရာမတိုက် ဇောတိကာရုံ ဆရာတော် ဘဒ္ဒန္တ တေဇနိယာဘိဝံသ စသော ဆရာတော်တို့ထံတွင် ပိဋကတ်ကျမ်းစာများကို သင်ယူတတ်မြောက်၍ သကျသီဟ စာသင်တန်းနှင့် စာချတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့၊ ဘုရားကြီးတိုက်၌ ရဟန်းသာမဏေများစွာတို့အား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ နေ့ဝါညဝါတို့ကို ပို့ချတော်မူ၍ လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် သီဂီတိကာရက၊ မူလဝိသောဓက၊ ပဋိဝိသောဓက၊ ဩသာနဝိသောဓကအဖြစ်တို့ဖြင့် တာဝန်ယူဆောင်ရွက်တော်မူ၍ လည်းကောင်း၊ မန္တလေးမြို့၊ ချမ်းသာကြီး ဆန်လှူအသင်း ဩဝါဒါစရိယ၊ မဟာမုနိဘုရားကြီး ဆန်လှူအသင်း ဩဝါဒါစရိယ၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မန္တလေးမြို့ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၏ ဩဝါဒါစရိယ၊ တိပိဋကပါဠိ မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့၏ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော် သံဃမဟာနာယက နိုင်ငံတော် ဩဝါဒါစရိယအဖြစ်တို့ဖြင့် သာသနာရေး တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ဘဒ္ဒန္တ မေဓိယာဘိဝံသသည် ၁၉၈၅ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၃)ဝါအရ ၁၃၆၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၂)ရက်၊ ၅-၅-၂၀၀၅ (ကြာသပတေးနေ့) နံနက် ၁ နာရီ ၃၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ၁၃၆၇ ခုနှစ် ကဆုန်လဆန်း(၈)ရက်၊ ၁၅-၅-၂၀၀၅ (တနင်္ဂနွေနေ့)တွင် အန္တိမဈာပန သဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

အဘိဓမ္မာ သင်တန်းများ ဓမ္မဒါန ပို့ချမည်

ရန်ကုန် မေ ၅

ရန်ကုန်မြို့ ဗိုလ်တထောင် စေတီတော် ရင်ပြင်ရှိ ဗုဒ္ဓ၊ ဓမ္မ စာပေသင်တန်းဆောင်၊ မြတ်ရတနာ ဓမ္မ စာပေ သင်တန်း ခန်းမတွင် မေ ၇ ရက် (စနေနေ့)မှ စတင်၍ အပတ်စဉ် စနေနေ့တိုင်း အခြေခံ အဘိဓမ္မာ ပထမဆင့် သင်တန်း (၂)ကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ မေ ၈ ရက် (တနင်္ဂနွေနေ့)မှ စတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အခြေခံ အဘိဓမ္မာ ပထမဆင့် သင်တန်း(၁)ကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ အဘိဓမ္မာဒုတိယဆင့်ကို မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂နာရီအထိ လည်းကောင်း၊ အဘိဓမ္မာ တတိယဆင့်ကို မွန်းလွဲ ၂နာရီခွဲမှ ညနေ ၄နာရီခွဲအထိ လည်းကောင်း၊ အဘိဓမ္မာဂုဏ်ထူးဆောင် ဋီကာကျော် သင်တန်းကို မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ လည်းကောင်း၊ ဝိသုဒ္ဓိမဂ် သင်တန်းကို နံနက် ၉ နာရီမှ ၁၁ နာရီအထိလည်းကောင်း ဓမ္မဒါန ပို့ချပေးမည် ဖြစ်သည်။ (က-ပ)

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

သရေပွဲ

တောင်ဥက္ကလာပ ပဒေသာအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်၊ ကြေးနန်းအသင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ကျင်းပသောပြိုင်ပွဲတွင် ငွေဇုန်အသင်းနှင့် ကြယ်ပွင့်လေးများ (က)အသင်းတို့ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ (သတင်းစဉ်)

မေ ၇ရက်မှ ၁၁ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် အမျိုးသားအဆင့် ပြည်နယ်ဖြတ်ကျော် စက်ဘီးစီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများ မေ ၅ရက်က လေကြောင်းခရီးဖြင့်ထွက်ခွာရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်သူ ပို့ဆောင်နှုတ်ဆက်စဉ်။ (အား/ကာ)

အေစီမီလန်အသင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲတက် ပီအက်စ်ဗွီအသင်းကို အဝေးဂိုးရလဒ်ဖြင့် အနိုင်ရ

နယ်သာလန် မေ ၅

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် အီတလီမှ အေစီမီလန်အသင်းနှင့် နယ်သာလန်မှ ပီအက်စ်ဗွီအိုင်ဟိုဗင် အသင်းတို့ နယ်သာလန်နိုင်ငံ အိုင်ဟိုဗင်မြို့ရှိ ဖီးလစ်အားကစားကွင်းတွင် မေ ၄ ရက်က ယှဉ်ပြိုင်ကစားကြရာတွင် အိုင်ဟိုဗင်အသင်းက အေစီမီလန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမအကျော့ပွဲတွင် အေစီမီလန်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသဖြင့် နှစ်ပွဲပေါင်းဂိုး (၃-၃)ဖြင့် သရေကျသော်လည်း အဝေးကွင်းဂိုးစည်းမျဉ်းအရ အေစီမီလန်အသင်း အသာရကာ အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

ယခုအကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်တွင် အေစီမီလန်နည်းပြ ကာလိုအင်ချီ လော့တီက ကွင်းလယ်ကစားကွက် ထိရောက်စေရန်အားဖြည့်စေခဲ့ပြီး ခံစစ်ကို ဦးစားပေးထားသည်။ အင်ဒရီရှက်ချင်ကို တစ်ဦးတည်းကိုသာ ရှေ့တန်း တိုက်စစ်မှူးအဖြစ်ထားရှိခဲ့သည်။

ပထမအကျော့တွင် ဥရောပချန်ပီယံ ခြောက်ကြိမ်ရခဲ့ဖူးသော အေစီမီလန်အသင်းကို ရှုံးနိမ့်ခဲ့သည့် အိုင်ဟိုဗင်အသင်းသည် ပွဲစလျှင်စချင်း အားထည့်ကစားခဲ့သည်။ ပွဲချိန် ၉ မိနစ်တွင် အိမ်ရှင်အသင်းအတွက် အဖွင့်ဂိုးကို ကိုရီးယားလူမျိုး ကမ္ဘာ့ဖလားအကျော်အမော်တစ်ဦးဖြစ်သူ ဂျီဆွန်ပါ့ခ်က ၁၂ မီတာအကွာမှနေ၍ မြေမကျကာ ကန်သွင်းယူခဲ့သည်။

ပထမပိုင်းမပြီးမီတွင် အိုင်ဟိုဗင်အသင်းမှ ဂျန်ဝင်နီရှူးက ဂိုးသွင်းခွင့်ရသော်လည်း ဘောလုံးမှာ ဘားတန်းကို ထိမှန်ခဲ့ရာ များစွာနှစ်နာခဲ့ရသည်။

ပွဲချိန် ၆၅ မိနစ်တွင် ယောင်ပျူလီ ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ဖိလစ်ကိုကူးက ခေါင်းတိုက်သွင်းယူနိုင်ခြင်းဖြင့် အိုင်ဟိုဗင် အသင်းသည် ဒုတိယဂိုးရကာ နှစ်ပွဲပေါင်းရလဒ်အရ နှစ်ဂိုးစီ သရေဖြစ်နေသည်။

ပွဲချိန် မိနစ် ၉၀ တွင် အေစီမီလန်အသင်းမှ အမ်ဘရိုစီနီက ကာကာ ဖြတ်တင်ပေးလိုက်သော ဘောလုံးကို ခေါင်းတိုက်သွင်းယူခဲ့သည်။ အပိုထပ်ဆောင်းချိန်တွင် ကိုကူးက အိုင်ဟိုဗင်အသင်းအတွက် တတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။

အေစီမီလန်အသင်းမှ ရက်ချင်ကို(ဝဲ)နှင့် ပီအက်စ်ဗွီအိုင်ဟိုဗင် အသင်းမှ သီအိုလူစီးယပ်စ်တို့ ဘောလုံးယှဉ်လုကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုကူး၏ လုပ်သော မြေမကျဘော သည် အိုင်ဟိုဗင်အသင်းအတွက် မျှော်လင့်ချက် ပေးစွမ်းသော်လည်း မီလန်အသင်းက အဝေးကွင်း၌ ဂိုးသွင်းနိုင်ခြင်းမှာ အရေးပါ အရာရောက်ခဲ့သည်။ အေစီမီလန်အသင်းသည် တူရကီနိုင်ငံ အစ္စတန်ဘူလ်တွင် မေ ၂၅ ရက်၌ ကျင်းပမည့် ဗိုလ်လုပွဲ၌ လီဗာပူးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ***ရိုက်တာ။***

မွန်ပြည်နယ်ရှိ စက်ရုံနှင့်ရော်ဘာခြံများ ဝန်ကြီးဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁ရက်တွင် မွန်ပြည်နယ် သထုံမြို့နယ်ရှိ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု စက်ရုံ(သထုံ)သို့ ရောက်ရှိရာ စက်ရုံ ရှင်းလင်းဆောင်၌ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဖွန်းက စက်ရုံ၏ တာယာထုတ်လုပ်မှုအခြေအနေ၊ ရော်ဘာကုန်ကြမ်းရရှိမှုအခြေအနေ၊ ရော်ဘာခြံများတွင် ရော်ဘာစေး ထွက်ရှိမှု အခြေအနေနှင့် ခရိုင်/မြို့နယ်အလိုက် ရော်ဘာဌာနများ ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တာယာများကို ဈေးကွက်လိုအပ်ချက်အရ ထုတ်လုပ်ရေး၊ ကုန်ကြမ်းများ ဖြည့်တင်းထားရှိရေး၊ ရော်ဘာပျိုးပင်များတိုးချဲ့စိုက်ပျိုးရေး၊ ရော်ဘာစေးများ ပိုမိုထုတ်လုပ်ရေးနှင့် လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများ ချွေတာသုံးစွဲရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု စက်ရုံ(သထုံ)၌ တာယာများ ထုတ်လုပ်ပုံ အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံ အထွေထွေမန်နေဂျာ ဦးမြင့်နိုင်က ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တာယာများကို စက်စွမ်းအားပြည့် ထုတ်လုပ်ရေး၊ ထုတ်လုပ်သည့် တာယာများ၏ အရည်အသွေးကို စနစ်တကျ စစ်ဆေးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး တို့ကို မှာကြားသည်။

ဝန်ကြီးသည် မေ ၂ရက်တွင် ကျိုက်ထိုမြို့နယ်ရှိ မရမ်းကုန်း ရော်ဘာခြံသို့ ရောက်ရှိ၍ ရော်ဘာ သိုလှောင်ရုံများ၊ ရော်ဘာများကို အမျိုးအစားအလိုက် ခွဲခြားထုပ်ပိုးခြင်း လုပ်ငန်းနှင့် ရော်ဘာပင်များ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဖွန်းနှင့် ခြံမန်နေဂျာ ဦးခင်ငွေတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ရော်ဘာခြံများ အနေဖြင့် ခြံအလိုက်ထုတ်လုပ်မှု လျာထားချက်များ ပြည့်မီအောင် ထွက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ထုတ်လုပ်သည့် ရော်ဘာများ အရည်အသွေးပြည့်မီရေး၊ ရော်ဘာထုတ်လုပ်မှုနှုန်း တိုးမြှင့်ဆောင်ရွက်ရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

ယက္ခတောင်ဆုတောင်းပြည့်အောင်တော်မူ ဇမ္ဗူဟိန်းစေတီတော် အထက်ဌာပနာသွင်းပူဇော်

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေအ တွင်းရှိ ယက္ခတောင် ဆုတောင်းပြည့်အောင်တော်မူဇမ္ဗူဟိန်းစေတီတော်မြတ်ကြီး အထက် ဌာပနာသွင်းပူဇော်ပွဲ အခမ်းအနားကို ဧပြီ၂၂ရက်တွင် ပန်းတစ်ပွင့်တောင်တောရ ကျောင်းတိုက် မဟာဓမ္မသုခဗိမာန်တော်၌ ကျင်းပရာ ပန်းတစ်ပွင့်တောင်တောရ ကျောင်းတိုက် ပဓာနနာယက ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး နယ်မြေခံတပ်ရင်းမိသားစုများ၊ ငွေကျပ်သိန်း၂၀ ဝကျော် ပင်မအလှူရှင် ဘုရားဒါယကာ ဦးအောင်မျိုး-ဘုရား ဒါယိကာမ ဒေါ်ခင်သူဇာ၊ သားမောင်အောင်ခန့်မင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ ထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင်မိသားစုက ဌာပနာသွင်းပူဇော်မည့် ရတနာပစ္စည်းများကို ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် လှိုင်မြို့နယ် စိန်ပန်းဆ ရာတော် ဘဒ္ဒန္တဝိသုဒ္ဓ အမှူးပြု၍ ဘုရား ဒါယကာ၊ ဒါယိကာမနှင့် အလှူရှင်များက ဆုတောင်းပြည့်အောင်တော်မူ ဇမ္ဗူဟိန်းစေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်၍ ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရနှင့် ဘုရားဒါယကာဦးအောင်မျိုး တို့က ရတနာပစ္စည်းမျိုးစုံတို့ကို အထက်ဌာပနာသွင်းပူဇော်ပေးကြပြီး ရွှေမိုး ငွေမိုး ရွာသွန်းပေးကြသည်။

(သတင်းစဉ်)

လှူဒါန်းနိုင်

ရန်ကုန် မေ ၅

မော်လမြိုင်မြို့ ဈေးကြို-ဆန်တန်း- အောင်သပြေကမ္မဋ္ဌာန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက (မဟာသဒ္ဓမ္မ ဇောတိကဓဇ) မြို့နယ် သံဃနာယက ဥက္ကဋ္ဌ (မဟာဒွါရ) ဆရာတော် ဦးစီး၍ ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် အနီးရှိ ဉာဏ်တော် ၃၁ တောင်ရှိ မြနန်း နွယ်စေတီ၊ ဉာဏ်တော် ၂၁ တောင်ရှိ နဂါးရုံစေတီတော်နှစ်ဆူ တည်ထား ကိုးကွယ်လျက် ရှိရာ လှူဒါန်းလိုသူ ပါရမီရှင်များ အောင်သပြေ ကမ္မဋ္ဌာန်း ကျောင်းတိုက် တွင် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဇွန်လတွင်ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းသည် သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၀၅ခုနှစ် ဇွန် ၂၈ ရက်မှ ဇူလိုင် ၅ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို နိုင်ငံတော်နှင့် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ နိုင်ငံခြားငွေ တိုးတက် ရရှိစေရန်၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်၊ ကျောက် မျက် ရတနာဈေးကွက် နိုင်ငံတော် အတွင်း တိုးတက်ဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ရောင်းချ ခြင်းများ လျော့နည်းပပျောက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောက်စိမ်းနှင့် ကျောက်မျက်အထူး ရောင်းချပွဲကို မြန်မာ့ကျောက်မျက် ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ ကျောက်မျက်ရတနာရောင်း ဝယ်ရေး လုပ်ငန်းသည် ဇွန်တွင် ကျင်းပ မည့် ကျောက်စိမ်း၊ ကျောက်မျက်အထူး ရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/ အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက် ရတနာများကို ၂၀၀၅ ခုနှစ် မေ ၁၆ ရက်မှ ဇွန် ၁၀ ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက် ပေးမည်ဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်အထူး ရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်း တူးဖော်ရေး ဌာန(လုံးခင်း)၊ ကျောက် မျက် တူးဖော်ရေးဌာန(မိုးကုတ်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူး မြို့တို့၌ အခြေပြုသည့် တူးဖော်ရေးဌာန စခန်းရုံးများနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ကြသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း လူငယ်လေ့လာရေးအဖွဲ့ဝင်များ မွန်ပြည်နယ် လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်း အသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့သည် မွန်ပြည်နယ် လေ့လာရေးခရီးစဉ်အဖြစ် မေ ၁ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံလူငယ်အားကစား လေ့ကျင့်ရေးသိပ္ပံမှ မော်တော်ယာဉ်ဖြင့် စတင်ထွက်ခွာခဲ့ကြသည်။ မွန်ပြည်နယ် လေ့လာရေးအဖွဲ့တွင် ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၃၂ ဦး ပါဝင်သည်။

ပဲခူး

လေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ပဲခူးမြို့သို့ ရောက်ရှိရာ ပဲခူးတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အလုပ် အမှုဆောင်များနှင့် အသင်းဝင်များက ကြိုဆိုကြသည်။ လူငယ်လေ့လာရေးအဖွဲ့သည် နံနက် ၁၁ နာရီတွင် မွန်ပြည်နယ် စစ်တောင်း တံတားထိပ်သို့ ရောက်ရှိရာ တံတား ထိပ်ကြိုဆိုရေးမုခ်ဦး၌ ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ သထုံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကျော်မြင့်၊ ကျိုက်ထိုမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တ အတွင်းရေးမှူး ဦးစိုးဝင်းအောင်နှင့် အသင်းဝင်များက ကြိုဆိုကြသည်။

ထို့နောက် စစ်တောင်းတံတားသစ် (မုပ္ပလင်) ဆောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စစ်တောင်းတံတား (မုပ္ပလင်)ဆောက်လုပ်ရေး တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်လင်းက ရှင်းလင်းဆောင်၌ တံတားသစ် ဆောက်လုပ်မှုကို ရှင်းလင်းပြောကြားသည်။

ကျိုက်ထို

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် များသည် ကျိုက်ထိုမြို့နယ် ပြည်ထောင် စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး သို့ ရောက်ရှိရာ အသင်းသား၊ အသင်း သူများက ကြိုဆိုကြပြီး မွန်းလွဲ ၂နာရီ တွင် ကျိုက်ထိုမြို့ မဲ့ရှင်တော် ကျိုက်ပေါ လောဘုရားသို့ သွားရောက်ဖူးမြော် ကြသည်။ လေ့လာရေးအဖွဲ့ဝင်များ က အလှူတော်ငွေကျပ် ၁၀၀၀၀ကို ကျိုက်ပေါလော မဲ့ရှင်တော် ဘုရား ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ စေတီတော်နှင့် သက်ဆိုင်သည့် သမိုင်းမှတ်တမ်း စာအုပ်များကို ပြန်လည်ပေးအပ် သည်။

လေ့လာရေးအဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်သို့ ရောက်ရှိကြရာ ဂေါပက အဖွဲ့ဝင် ဦးတင်ညွှန့်နှင့် ဦးတင်အေး တို့က စေတီတော်သမိုင်းကို ရှင်းလင်း ပြောကြားကြသည်။ ပြည်နယ်နှင့် တိုင်း အသီးသီးမှ လူငယ်လေ့လာရေး အဖွဲ့ဝင် များသည် ညပိုင်းတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော် ကြည်ညိုကြသည်။

လူငယ်လေ့လာရေးအဖွဲ့သည် မေ ၂ရက်တွင် သထုံမြို့ အမှတ်(၁) တာယာ နှင့်ရော်ဘာပစ္စည်း ထုတ်လုပ်ရေး စက်ရုံ သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက တာယာထုတ်လုပ်ပုံ အဆင့်ဆင့်ကို လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် ပေါင်မြို့နယ်ပဒုမ္မာဆပ်ပြာ စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံမှူး ဦးတိုးအောင်နှင့် စက်ရုံဝန်ထမ်းများ၊ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးတင်စိုးမိုးနိုင်၊ ပေါင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဇော်ဝင်းနှင့် အမှုဆောင်များ၊ အသင်းဝင်များက ကြိုဆိုကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင် များအား စက်ရုံမှူးနှင့် တာဝန်ရှိသူများ က ပဒုမ္မာဆပ်ပြာထုတ်လုပ်မှုများကို ရှင်းလင်းပြသသည်။ လေ့လာရေး အဖွဲ့ ဝင်များသည် မွန်းလွဲပိုင်းတွင် သံလွင် တံတား(မော်လမြိုင်) ဆောက်လုပ်ရေး စီမံကိန်း မော်လမြိုင်ဘက်ကမ်း ရှင်းလင်း ဆောင်သို့ ရောက်ရှိကြရာ အင်ဂျင် နီယာမှူး ဦးတင့်လွင်က သံလွင်တံတား (မော်လမြိုင်)နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။ ထို့နောက် လေ့လာရေး အဖွဲ့ဝင်များသည် သံလွင်တံတား (မော်လမြိုင်)ကို ကြည့်ရှုလေ့လာကြ သည်။

ညနေ ၄နာရီတွင် ပြည်နယ်နှင့် တိုင်းအသီးသီးမှ လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးသို့ ရောက်ရှိကြရာ မွန် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှူး ဦးအောင်ဝင်း၊ မော်လမြိုင် မြို့နယ် မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်း နှင့် လေ့လာရေးလူငယ်များ နေထိုင် တည်းခိုမည့် နေအိမ်များမှ မိဘပြည်သူ များက ကြိုဆိုကြသည်။

ထို့နောက် ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်က လူငယ်လေ့လာရေး အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး လူငယ်အဖွဲ့ဝင် ၃၂ ဦးအား ဒေသခံမိဘများထံ အပ်နှံ ကြသည်။ (သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁၁)၊ (၆၂) လမ်းနေ ဦးတင်ထွန်း- ဒေါ်ခင်ဝင်းဝေ၊ သမီး မခင်ခင်ထွန်းမိသားစုက (၂၅)နှစ် မြောက် ငွေရတုမင်္ဂလာ အလှူအဖြစ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းကို မေ ၁ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့် လက်ခံယူစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်**
Total Debtors Account and Total Creditors Account.
(ဒုတိယနှစ်=စီးပွားစီမံ)
၅:၃၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း (အပိုင်း-၄၆)**
၆:၄၅ ၁၅။ **လျှပ်တစ်ပြက်ရိုက်ချက်**
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း" (အပိုင်း-၁၃)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလုနဲ့ ရွှေမင်းသမီး" (အပိုင်း-၂၁)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပူဇော်

မော်လမြိုင်ကျွန်း မေ ၂

မော်လမြိုင်ကျွန်းမြို့နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် ဆွမ်းဆန်တော် လှူဒါန်းပွဲကို ဧပြီ ၂၁ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့ ဝေဇယန္တာဓမ္မဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကမ်းနားကျောင်း ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ပျားမွတ်လျှော်ချောင်း ဆရာတော် ဘဒ္ဒန္တဝါသဝနှင့် ပင့်သံဃာတော် ၁၃ ပါးတို့အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသအား မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ဆွမ်းဆန်တော် ၂၇၃ အိတ်အား ဆက်ကပ်လှူဒါန်းကြသည်။

(ယာပုံ) (၃၆၄)

ဝင်းသူဇာ အရောင်းဆိုင်ခွဲ(ပဲခူး) ဖွင့်ပွဲကျင်းပ

ပဲခူး မေ ၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ ဝင်းသူဇာ အရောင်းဆိုင်ခွဲ ဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ကုန်းပေါ်တန်းလမ်းထောင့်ရှိ အဆောက်အအုံ၌ ဧပြီ ၂၀ ရက် နံနက် ၇ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းနှင့် စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံ စက်ရုံမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက ဝင်းသူဇာ အရောင်းဆိုင်ခွဲ (ပဲခူး) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက ဝင်းသူဇာ အရောင်းဆိုင်ခွဲ(ပဲခူး)အတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ဝင်းသူဇာ အရောင်းဆိုင်ခွဲ(ပဲခူး) တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် စက်ဘီးများ၊ အပ်ချုပ်စက်များ၊ အဝတ်အထည်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားလူသုံးကုန် ပစ္စည်းမျိုးစုံကို ဈေးဝယ်သူတို့၏ စိတ်ကြိုက်ရောင်းချပေးသွားမည်ဟု သိရသည်။ ဆိုင်ဖွင့်ပွဲနေ့၌ ငွေကျပ် ၁၀ သိန်းကျော်ဖိုး ရောင်းချခဲ့ရကြောင်း သိရသည်။

(က-ပ)

ခရမ်းမြို့နယ် ပျဉ်းမကုန်းကျေးရွာအုပ်စုနှင့် ကရင်ကန်ကျေးရွာအုပ်စုတို့မှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဧပြီ ၂၅ ရက်က ပျဉ်းမကုန်းကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်း ပေးအပ်စဉ်။ (လဝက)

မြို့နယ်သတင်းများ

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား (၂၀၀၅ ခုနှစ်) ပထမအကြိမ် အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ညောင်တုန်းမြို့ ပြည်သူ့အားကစားကွင်းတွင် ဧပြီလ ၂၇ ရက်က ကျင်းပရာ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းဇော်က ကွင်းဖွင့်အမှာစကား ပြောကြားစဉ်။ (၁၆၁)

ဆင်ချည်တိုင်ကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်

ဝမ်းတွင်း မေ ၂

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ဆင်ချည်တိုင်ကျေးရွာစု ရွှေကူကျေးရွာ အလှူရှင်စက်ရေတွင်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျေးရွာရေတွင်းအနီးတွင် ကျင်းပရာ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

အဆိုပါ စက်ရေတွင်းအား မန္တလေးမြို့နေ ကွယ်လွန်သူ ဦးစိုးမင်း(ကထိက၊ သမိုင်းဌာန)အား ရည်စူး၍ ဒေါ်အေးကြူ မိသားစုက အလှူငွေကျပ် ကိုးသိန်းကုန်ကျခံ ဆောင်ရွက်ခဲ့ပြီး အနက်ပေ ၂၂၀ ရှိကာ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိသည်။

၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း ကျေးလက်ရေပေးရေးအတွက် လက်နှိပ်တုံကင် တွင်း ၃၆ တွင်း၊ လေးလက်မ ပေ ၂၀၀ စက်ရေတွင်း နှစ်တွင်း၊ ရေကန်နှစ်ကန် အဆင့်မြှင့်တင်ခြင်း၊ ကျေးရွာ နှစ်ရွာအတွင်း ရေပိုက်သွယ်တန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ **(နယ်စပ်စည်ပင်)**

ရောဝတီတိုင်း အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ အောင်ကျော် စာကြည့်တိုက်သို့ ပညာပဒေသာ သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၄ရက်က အဆိုပါ အောင်ကျော် စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့ ပန်းခေတ်လမ်းစာပေမှ စာရေးဆရာမ မနော်ဟရီကိုယ်စား တန်ဖိုးငွေကျပ် သုံးသိန်းခန့်ရှိ ပညာပဒေသာ သုတ၊ ရသ စာအုပ်မျိုးစုံ ၉၀၀ ကျော်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးစောဝင်းက လက်ခံရယူစဉ်။ (၁၉၁)

စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေး

မော်လမြိုင် မေ ၂

မော်လမြိုင်မြို့နယ် ကျောက်တန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို ဧပြီ ၂၅ ရက် နံနက် ၁၁နာရီတွင် ကျောက်တန်းကျေးရွာ စာကြည့်တိုက်တွင် ကျင်းပရာ ရေးဦးစွာ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာပေဖတ်ရှုရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းမောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း၊ စာကြည့်တိုက် တာဝန်ခံ ဦးလှမိုးက စာကြည့်တိုက်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်ဦးစီးမှူး ဦးစိန်ဝင်းက မော်လမြိုင်မြို့နယ်အတွင်း စာကြည့်တိုက်များ ဖွဲ့စည်းဖွင့်လှစ်ရခြင်းနှင့် စာကြည့်တိုက်လုပ်ငန်းများ၏ လိုအပ်ချက်များကို ရှင်းလင်းအကြံပြုဆွေးနွေးသည်။

(မြို့နယ်ပြန်/ဆက်)

မိုးရေလှောင်ကန် ခိုင်ခံ့မှုစစ်ဆေး

စစ်တွေ မေ ၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလှူထည့်ဝင်ငွေများဖြင့် ဂါလန် ၄၀၀၀ ဆံ့ မိုးရေလှောင်ကန် ခြောက်ကန်တို့ကို ငပြီတက်၊ ငပြီကျွန်း၊ ဆင်ပိုက်၊ အလယ်ကျွန်း၊ ပုဏ္ဏားကြီးနှင့် သစ်ပုတ်ကျေးရွာများတွင် တည်ဆောက်ပေးခဲ့ပြီး ဖြစ်ရာ အဆိုပါ မိုးရေလှောင်ကန်များ၏ ရေသိုလှောင်အသုံးပြုမှုနှင့် ကန်များ၏ ခိုင်ခံ့မှုအခြေအနေများကို ဧပြီ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့က ကျေးရွာများသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (၂၆၄)

ဖျာပုံခရိုင် အမာမြို့ နောက်မိုးကျေးရွာအုပ်စု ဦးပေကျေးရွာ ဘဝအလင်းတန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၇ ရက်က စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ ဖျာပုံခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကြူ၊ ကျေးရွာဥက္ကဋ္ဌ ဦးအေးလှိုင်၊ စာကြည့်တိုက် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

အိုင်အိုဒင်းဆားရောင်းချမှု ကွင်းဆင်းစစ်ဆေး

မိုင်းယောင်း မေ ၁

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်ကျန်းမာရေးဌာနနှင့် ပူးပေါင်း၍ ဧပြီ ၁၈ရက်က မိုင်းယောင်းမြို့နယ် ဟိုရမ်းကျေးရွာ ဟိုရမ်း ကျေးလက်ဈေးအတွင်းရှိ ဆိုင်များတွင် အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆားများ ရောင်းချဝယ်ယူနေမှုကို ကွင်းဆင်းစစ်ဆေးကြသည်။ ထို့နောက် မြို့နယ်ဆရာဝန်များက ကျန်းမာရေးအခြေအနေများကို ပညာပေးဟောပြော ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စစ်တောင်း အမှတ်(၁)စက်ရုံတွင် မဟာသင်္ကြန်ပွဲတော် ကျင်းပ

စစ်တောင်း မေ ၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံ စက်ရုံမှူး ဦးပိုက်ထွေး ဦးဆောင်လျက် မဟာသင်္ကြန်ပွဲတော် ကျင်းပရာ ဝန်ထမ်းများ၊ မိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

နှစ်ဆန်းတစ်ရက်နေ့တွင် သိမ်ဇရပ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၀မှ သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စက်ရုံမှ အသက်(၆၀)ပြည့်၍ အငြိမ်းစားယူသွားကြသူ ၁၈၀ တို့အား ပူဇော်ကန်တော့ကြပြီး စက်ရုံအတွင်း ဌာနစိတ်အလိုက် သံဃာတော်များကို ပင့်ဆောင်ကာ အန္တရာယ်ကင်းပရိတ်တရားတော်များ နာကြားခဲ့ကြောင်း သိရသည်။

(က-ပ)

အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူးနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိ

ရန်ကုန် မေ ၅

အိန္ဒိယနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lt.Gen,Daljeet Singh နှင့်ဇနီး Mrs.Mohini Daljeet Singh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေ ၄ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်လင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့်ဇနီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား အိန္ဒိယနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lt.Gen,Daljeet Singh **ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိ ဗိမာန်သို့ သွားရောက် ဂါရဝပြု တွေ့ဆုံစဉ်။**
(သတင်းစဉ်)

အိန္ဒိယနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt.Gen,Daljeet Singh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ဂါရဝပြု တွေ့ဆုံကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အတူ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်လင်းနှင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ စစ်သံမှူး Colonel,Jasvinder Singh Chopra လည်းတက်ရောက်သည်။

ညစာစားပွဲ တည်ခင်း

ညပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အိန္ဒိယနိုင်ငံ အိန္ဒိယတပ်မတော် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း လူငယ်လေ့လာရေးအဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ပဲခူးမြို့သို့ လေ့လာရေးခရီး ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့ နံနက်၇နာရီတွင် ရွှေမော်ဓောစေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရင်ပြင်တော်ပေါ်၌ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ✦

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့စစ်ရေးပြအခမ်းအနားနှင့် မီးသတ်တပ်ဖွဲ့နေ့ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၅

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့စစ်ရေးပြမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စစ်ရေးပြကွင်းအတွင်း နေရာယူ၍ ဝန်ကြီးအား တန်းအပ်သည်။ ထို့နောက် ဝန်ကြီးက မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ရဲသူရိန်တံဆိပ်ရရှိသူ လေးဦး၊ ရဲကျော်စွာတံဆိပ်ရရှိသူခြောက်ဦးနှင့် ရဲကျော်သူတံဆိပ်ရရှိသူ ခြောက်ဦးတို့အား ဆုများချီးမြှင့်သည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❍

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ၊ ညနေပိုင်းတို့တွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)